မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၈ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့်ဗဟိုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော်၏ အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် မူဘောင်အတွင်းမှ အထူးစီးပွားရေးဇုန်များ တည်ထောင်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် **"မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့"**တို့ကိုအောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

**(၁) ဗဟိုအဖွဲ့**

(က) ဒုတိယသမ္မတ (၂) — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဍ) သက်ဆိုင်ရာဝန်ကြီးချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ဎ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**မှတ်ချက်။** တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

**(၂) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -**

(က) ဗဟိုအဖွဲ့သည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်း။

(ခ) အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းအတွက် အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဂ) ဗဟိုလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းပြီး စီမံကိန်းနှင့်အစီအစဉ်များချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဃ) အထူးစီးပွားရေးဇုန်အလိုက် လုပ်ကိုင်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်းနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြီးစား၊ အလတ်စားနှင့် အသေးစား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း။

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးစီးပွားရေးဇုန်အတွင်း သုံးစွဲရမည့်ငွေကြေးအမျိုးအစားသတ်မှတ်ခြင်း၊ အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်း။

(စ) အထူးစီးပွားရေးဇုန်တွင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့်စည်ပင်သာယာရေးစသည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ တာဝန်များသတ်မှတ်ပေးခြင်းနှင့် ကွပ်ကဲခြင်း။

## (၃) ဗဟိုလုပ်ငန်းအဖွဲ့

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

**မှတ်ချက်။** တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(၄) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုလုပ်ငန်းအဖွဲ့သည် စီမံခန့်ခွဲမှုကော်မတီ၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တင်ပြသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အဆိုပြုချက်များ၊ အထူးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စိစစ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း။

(ခ) အထူးစီးပွားရေးဇုန်တွင် ဇုန်အမျိုးအစား၊ ဦးစားပေးလုပ်ငန်းများ၊ ဇုန်အလိုက် အကြီးစား၊ အလတ်စားနှင့် အသေးစားလုပ်ငန်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက် စိစစ်၍ ဗဟိုအဖွဲ့သို့ တင်ပြပြီး သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း။

(ဂ) နိုင်ငံတကာမှ အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အခြားဆောင်ရွက်သင့်သည့် အထူးစီးပွားရေးဇုန်များနှင့် နေရာဒေသတို့ကို လေ့လာ၍ ဗဟိုအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

(ဃ) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေဆိုင်ရာများနှင့် အခြားကိစ္စရပ်များကို စိစစ်၍ အကြံပြုတင်ပြခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

### မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးပြောင်းလဲတိုးတက်ရန်အတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင် အချိုးအစားကို ပြောင်းလဲတိုးတက်လုပ်ဆောင်နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၆ အပိုဒ် ၂ (ဈ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် "မြေ၊ အဆောက်အဦ အတိုင်းအတာစိစစ်ရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူး (အင်/ယာ) — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(င) ဌာနမှူး — အဖွဲ့ဝင်
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(စ) ဌာနမှူး — အဖွဲ့ဝင်
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ

(၁) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်လမ်းဦးစီးဌာန
နေပြည်တော်ကောင်စီ

(၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ကချင်ပြည်နယ်အစိုးရအဖွဲ့

(၃) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ကယားပြည်နယ်အစိုးရအဖွဲ့

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်လမ်းဦးစီးဌာန
ကရင်ပြည်နယ်အစိုးရအဖွဲ့

(၅) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ချင်းပြည်နယ်အစိုးရအဖွဲ့

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(၇) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(၈) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၉) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၀) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးလမ်းဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၁) ညွှန်ကြားရေးမှူး(မြို့ပြ) အဖွဲ့ဝင်
မွန်ပြည်နယ်လမ်းဦးစီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့

(၁၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရခိုင်ပြည်နယ်လမ်းဦးစီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(၁၃) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၁၅) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ စိစစ်တင်ပြရန် တာဝန်ပေးအပ်သည့် လုပ်ငန်းများ၏ မြေ၊ အခန်း၊ အဆောက်အဦများကို သက်ဆိုင်ရာဝန်ကြီးဌာန/လုပ်ငန်း/ဌာနများနှင့် ပူးပေါင်း တိုင်းတာစိစစ်၍ တင်ပြရန်၊

(ခ) လုပ်ငန်းများတည်ရှိရာဒေသများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး မြေ၊ အခန်း၊ အဆောက်အဦတို့အား လက်တွေ့တိုင်းတာစိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည့် စာရင်းရှိ မြေဧရိယာ၊ အကျယ်အဝန်း အတိုင်းအတာများ၊ လက်တွေ့ကွင်းဆင်းတိုင်းတာရရှိသည့် အကျယ်အဝန်းအတိုင်းအတာများနှင့် သက်ဆိုင်ရာ မြေပုံနှင့်မြေယာမှတ်တမ်းများ ထိန်းသိမ်းသည့်ဌာနရှိ မြေပုံ၊ မြေရာဇဝင်မှတ်တမ်းတို့အရ အကျယ်အဝန်း အတိုင်းအတာများ ကွဲလွဲမှု ရှိ/မရှိ စိစစ်တင်ပြရန်၊

(ဂ) မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန/လုပ်ငန်း/ဌာနများမှ အမည်ပေါက် မြေဂရန်ရရှိခြင်း ရှိ/မရှိနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှိ/မရှိ၊ သက်ဆိုင်ရာ မြေပုံနှင့်မြေယာမှတ်တမ်းများ ထိန်းသိမ်းသည့်ဌာနနှင့် ညှိနှိုင်းစိစစ်တင်ပြရန်၊

(ဃ) အခန်း၊ အဆောက်အဦ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန/လုပ်ငန်း/ဌာနများမှ ပိုင်ဆိုင်မှု ရှိ/မရှိ၊ ကုမ္ပဏီ၊ ကန်ထရိုက်တာများနှင့် Build Operate and Transfer (BOT) သို့မဟုတ် Build and Transfer (B & T) စနစ်ဖြင့် ဆောင်ရွက်ထားမှုအခြေအနေ ရှိ/မရှိ စိစစ်တင်ပြရန်၊

(င) လွှဲပြောင်းရောင်းချရန် တန်ဖိုးတွက်ချက်ရမည့် မြေဧရိယာသည် ရောင်းချပြီးနောက် ပုဂ္ဂလိကသို့ အမည်ပေါက်မြေဂရန် ထုတ်ပေးရမည့် မြေဧရိယာနှင့် ကွဲလွဲမှုမရှိစေရန်နှင့် လွှဲပြောင်းရောင်းချမည့်မြေသည် လွှဲပြောင်းခွင့်ရှိသောမြေ ဟုတ်/မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းစိစစ်ဆောင်ရွက်ရန်၊

(စ) လွှဲပြောင်းရောင်းချရန် တန်ဖိုးတွက်ချက်ရမည့် မြေဧရိယာ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာသည့် ဧရိယာအတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာန/လုပ်ငန်း/ဌာန၏ အမည်ပေါက် သက်သေခံမိတ္တူမြေပုံကို လျှောက်ထားရယူ ပူးတွဲတင်ပြရန်၊

(ဆ) လွှဲပြောင်းရောင်းချရန် တန်ဖိုးတွက်ချက်ရမည့် အခန်း၊ အဆောက်အဦတို့၏ အကျယ်အဝန်း၊ အတိုင်းအတာများသည် ရောင်းချပြီးနောက် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရမည့် အကျယ်အဝန်း၊ အတိုင်းအတာများနှင့် ကွဲလွဲမှုမရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့်လုပ်ငန်းရှိ မြေ၊ အခန်း၊ အဆောက်အဦတို့တွင် ဆိုင်ခန်းအဆောက်အဦများ၊ လက်ရှိနေထိုင်သူများနှင့် ကျူးကျော်နေထိုင်သူများ ရှိ/မရှိ စိစစ်တင်ပြရန်၊

(ဈ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာ မြေနှင့် ချန်လှပ်ထားသည့် ဝန်ထမ်းအိမ်ရာမြေများ ရှင်းလင်းမှုမရှိဘဲ ဆက်စပ်ရောထွေးမှု ရှိ/မရှိ စစ်ဆေးတင်ပြရန်၊

(ည) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာမြေနေရာတွင် လက်ရှိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်စေရန်သင့်/မသင့်၊ ပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းနိုင်မှုအခြေအနေ သုံးသပ်တင်ပြရန်၊

(ဋ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာ မြေနေရာတွင် လက်ရှိလုပ်ငန်းအစား အခြားပိုမိုသင့်လျော်ကောင်းမွန်သော လုပ်ငန်းကို ဆောင်ရွက်စေရန် သင့်/မသင့် စိစစ်တင်ပြရန်၊

(ဌ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာ မြေဧရိယာအတွင်း လုပ်ငန်းနှင့် မသက်ဆိုင်သည့် မြေလွတ်၊ မြေကျန်၊ မြေပိုများရှိပါက ယင်းတို့ကို ပိုင်းခြားချန်လှပ်၍ လုပ်ငန်းနှင့်သက်ဆိုင်သည့် မြေကိုသာ ပုဂ္ဂလိကပိုင်ပြုလုပ်ရန် သင့်/မသင့် သုံးသပ်တင်ပြရန်၊

(ဍ) ဤကော်မတီသည် မြေနှင့်အဆောက်အဦ တိုင်းတာစစ်ဆေးရေးနှင့် ပတ်သက်၍ လိုအပ်သည့် အမိန့်/ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၃။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌသည် အခါအားလျော်စွာ အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၄။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီသည် မြေ၊ အဆောက်အဦအတိုင်းအတာ စိစစ်ရေးအဖွဲ့ခွဲများ ဖွဲ့စည်း၍ ဆောင်ရွက်ရမည်။

၅။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီသည် မိမိ၏တာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများအား ခေါ်ယူညှိနှိုင်းခွင့်ရှိသည်။ သက်ဆိုင်ရာ စာရွက်စာတမ်းများကို တောင်းယူ ကြည့်ရှုခွင့်ရှိသည်။

၆။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီနှင့် စပ်လျဉ်းသော ကုန်ကျစရိတ်များကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး၊ **စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**၏ ငွေစာရင်းခေါင်းစဉ်မှ ကျခံရမည်။

၇။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီနှင့် သက်ဆိုင်သော ရုံးလုပ်ငန်းများကို **ဆောက်လုပ်ရေးဝန်ကြီးဌာန**က တာဝန်ယူ ဆောင်ရွက်ရမည်။

၈။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၄) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ကျော်ဝင်း
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )

အမှတ် ၅၁ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃)(၂၄)အရ လည်းကောင်း၊ ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးမျိုးအောင်ဌေး<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီး ဝင်းဗိုလ်<br>ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ကျော်တင့်<br>တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးတင်ငွေ<br>တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးမြင့်သန်း<br>တိုင်းဥပဒေအရာရှိ<br>တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဦးမြင့်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးဘုန်းမော်<br>အတွင်းရေးမှူး<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်နိုင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (၂၀၁၆ ခုနှစ်၊ တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၁ ။ ) မှ အဆက် ]**

၁၁။ (ဂ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတို့ကို ပိုမိုမြှင့်တင်ရေး၊

(ဃ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး၊

(င) ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းနှင့် ပြည်တွင်းရှိ အခြေခံကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရေး၊

(စ) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် နည်းပညာ အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရေး၊

(ဆ) စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေး၊ ခြိုးခြံချွေတာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် တို့ကို အသုံးချရေး။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ စက်မှုလက်မှုကဏ္ဍရည်မှန်းချက် တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၇,၃၈၇,၈၇၆. ၃) ရရှိရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် (၈. ၉) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ ရည်မှန်းချက်များ

၁၃။ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံတော်ဓာတ်အားစနစ်မှ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်း များနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရန်၊ သုံးစွဲမည့် စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သား ပြည်သူများအား ဖြန့်ဖြူးနိုင်ရန် စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်မည်။

(ခ) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင်ပြည်သူလူထုပူးပေါင်း ပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးမည်။

(ဂ) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်။

(ဃ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးသုံးစွဲနေသော မြန်မာနိုင်ငံဓာတ်အားစနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအဆင့်အတွင်း ဓာတ်အား ပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ ကျွမ်းကျင် ဝန်ထမ်းများနှင့် နိုင်ငံတကာမှ နည်းပညာအကူအညီရယူကာ ဆက်လက်ဆောင်ရွက်မည်။

(င) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမောင်းနှင်ရေး ဆောင်ရွက်ရန်၊ လေစွမ်းအင်နှင့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်တည်ဆောက်၍ ဓာတ်အားလိုအပ်ချက်ကို အားဖြည့်ကူညီ ပံ့ပိုးပေးမည်။

(စ) တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည်။

(ဆ) လျှပ်စစ်မီးရရှိသည့် ကျေးရွာများအရေအတွက် ပိုမိုလာစေရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဇ) ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်မည်။

(ဈ) တည်ဆောက်ဆဲ စီမံကိန်းများအား အချိန်မီပြီးစီးရေး အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ည) တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများအား စက်စွမ်းအားပြည့် လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်နှင့် ဖြန့်ဖြူးရန် ဆောင်ရွက်မည်။

၁၄။ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက် ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၃၀၅,၇၇၂. ၁) ရရှိရန် ရည်မှန်းထားပြီး တိုးတက်မှုနှုန်းအနေဖြင့် (၄. ၈) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

ဆောက်လုပ်မှုကဏ္ဍ ရည်မှန်းချက်

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ဆောက်လုပ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁) ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့် ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁) ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ကို ဖြတ်သန်း၍ သာကေတတံတား(အသစ်) အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီ ဖြင့် တည်ဆောက်ရန်၊

(၂) တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်းပေါ်ရှိ တံတားအမှတ် (၂/၁၁) တံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်ရန်၊

(၃) လှည်းကူးမြို့နယ်၊ နှုတ်ခမ်းမွှေးသိုက်ကျေးရွာတွင် ငမိုးရိပ်ချောင်းကူးတံတားတည်ဆောက်ရန်၊

(၄) ကျေးလက်မြို့ပြ ကွန်ရက်တိုးတက်ရေးအတွက် သုဝေ့းကွင်း-ပုဂံတောင်-ဖားကူး-မောင်းမလမ်း၊ သန်လျင်-သီလဝါ-ဆိပ်ကမ်းလမ်း၊ ပါဒကြီး-သီလဝါလမ်း၊ ပန်းတော-ကမာကလုပ်- ခနောင်-ကဒ္ဒပ္ပနလမ်း၊ ခရမ်း-ရေကျော်-အောင်သာဒါန်းလမ်း၊ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်း၊ ကွမ်းခြံကုန်း-တော်ခရမ်း အနောက်-ဘို့ဒင်လမ်း၊ ပဒန်-ရေကျော်-ခတ္တိယလမ်း၊ ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ-ရွာသာလမ်း၊ တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်း၊ ဆားတလင်း-ဒါးပိန်-ကွဲကူးဆိပ်လမ်း၊ သီတာအေး-ထန်းတပင်လမ်း၊ ရွှေမြယာ- ဖူးကြီး-ရင်ကွဲတောင်လမ်း၊ ထန်းတပင်-လမုတန်း-ကျူတောလမ်း၊ တာခွ-သရက်ချောင်းလမ်း၊ မှော်ဘီ-ဝါးနက်ချောင်း/ရေတာရှည်လမ်းတို့ကို ဆောင်ရွက်ရန် လျာထားပါသည်။

(ဂ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁) ရန်ကုန်မြို့အား မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်အဖြစ်လည်းကောင်း၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားပြီး သဘာဝပတ်ဝန်းကျင် ကောင်းမွန်စေသောမြို့အဖြစ် လည်းကောင်း တည်ဆောက်မည်။

(၂) မြို့ပြအိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးရေးအဆောက်အဦများအတွက် အရှေ့မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်း တိုးချဲ့မြို့သစ်စီမံကိန်း၏ မြို့ပြဖွံ့ဖြိုးရေး အဆောက်အဦများအတွက် မြေပြင်ကွင်းဆင်းခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) မြို့တော်အတွင်းရှိ ဈေးသစ်များတိုးချဲ့တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် နှစ်ကာလကြာမြင့်စွာက တည်ဆောက်ထားသည့် ဈေးဟောင်းများကို အကြီးစားပြုပြင်ခြင်းတို့ကို ဆောင်ရွက်မည်။

(၄) သန့်ရှင်းလှပသော မြို့တော်ဖြစ်စေရေးအတွက် စနစ်ကျ၍ ခေတ်မီသော အမှိုက်သိမ်းစနစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Small Size Incineration Plant တည်ဆောက်ခြင်း၊ အမှိုက်သိမ်းယာဉ်များဖြည့်တင်းခြင်း၊ အမှိုက်ပုံးများတိုးမြှင့်ချထားခြင်းတို့ကိုဆောင်ရွက်မည်။

(၅) ရန်ကုန်မြို့တော်အတွင်း တိုးတက်များပြားလာသော လူဦးရေနှင့် မော်တော်ယာဉ်များကြောင့် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြို့နယ်အတွင်း စကြံနှင့် ကားရပ်နားရန်နေရာများ တိုးချဲ့တည်ဆောက်ခြင်း၊ မြို့တွင်း (၆) မြို့နယ်တွင် ရေမြောင်းများတည်ဆောက်ခြင်း၊ တူးဖော်ရှင်းလင်းခြင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း) မြို့နယ်များတွင် လမ်းများကွန်ကရစ်ခင်းခြင်း၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဆက်သွယ်သော ငမိုးရိပ်ချောင်းကူးတံတား (သစ္စာ) တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်။

(၆) ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများပြုပြင်ခြင်း၊ တိုးချဲ့ရုံးများတည်ဆောက်ခြင်း၊ မြို့နယ်ခန်းမများပြုပြင်ခြင်း၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း၊ လျှပ်စစ်မီးများတပ်ဆင်ခြင်း၊ အုတ်ဝင်းနံရံများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်။

(၇) လဂွန်းပြင်ရေပေးဝေရေး၊ ကုက္ကိုဝမြစ်ရေပေးဝေရေး စီမံကိန်းများပြီးပါက ဒဂုံမြို့သစ် (တောင်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း) မြို့နယ်များ၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒေါပုံနှင့် ရွှေပြည်သာမြို့နယ်များသို့ ရေပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရေသန့်စင်စက်ရုံအတွင်း ဂဝံလမ်းခင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ Raw Water Intake Pumping Station ဝင်းအတွင်း လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အနည်ထိုင်ကန် ၄ လုံးတွင် သံကူကွန်ကရစ်လှေကားများ၊ လက်ရန်းများ တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၈) ရွှေပြည်သာ၊ ကမာရွတ်၊ ဒလ၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်များတွင် HDPE ပိုက်များဖြင့် အစားထိုးခြင်း၊ ရေမရသေးသောရပ်ကွက်များသို့ ပိုက်လိုင်းကွန်ရက်အသစ် ဆက်သွယ်ခြင်း၊ ဗိုလ်ဗထူးတံတားအသစ်နှင့် ငမိုးရိပ်တံတား (သုနန္ဒာ)တွင်လည်း ပိုက်လိုင်းများ၊ ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်းနှင့် ဒလ-ရန်ကုန်ပေါက်စခန်းတွင် ရေသန့်စင်စက်ရုံ (၁) လုံးစီတည်ဆောက်၍ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရိုင် (၄) ခရိုင်အတွင်းရှိ အဝီစိတွင်းများ တူးဖော်ခြင်း၊ Compressor များ၊ ပန့်များ၊ မီးအားမြှင့်စက်များ ဝယ်ယူတပ်ဆင်ခြင်း၊ အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး ရေဆိုးသန့်စင်စက်ရုံအသစ်တည်ဆောက်ခြင်း၊ မြို့တွင်း (၆) မြို့နယ်ရှိ မိလ္လာတွန်းစက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၉) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်မည့် The Project for Urgent Improvement of Water Supply System in Yangon City

စီမံကိန်းအား Grant Aid Agreement အရ ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ပထမအဆင့် ညောင်နှစ်ပင်ရေတွန်းစက်ရုံတည်ဆောက်ခြင်းနှင့် ရေတွန်းစက်များ တပ်ဆင်ခြင်း၊ ကမ္ဘာအေးဘုရားလမ်းအောက်ရှိ ဟောင်းနွမ်းဆွေးမြည့်နေသည့် ၄၂" Ø CI ပိုက်အစား ၄၂" Ø DI ပိုက်လိုင်းအသစ်သွယ်တန်းခြင်းနှင့် ရန်ကင်းမြို့နယ်ရေပေးဝေရေး Pilot Area တွင် ရေပေးဝေရေးစနစ်သစ် District Meter Area စနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၁၀) Greater Yangon Water Supply Improvement Project စီမံကိန်းအား ဂျပန်နိုင်ငံအစိုးရထံမှ ချေးငွေ (ODA Loans) ဖြင့် ဆောင်ရွက်မည့် ရေပေးဝေရေးဇုန် (၇)၊ ဇုန် (၈) သို့ ရေပိုက်လိုင်းများဆက်သွယ်ခြင်း၊ DMA စနစ်တည်ဆောက်ခြင်း၊ ရေစုကန်နှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ Chlorination စနစ်တည်ဆောက်ခြင်း၊ လဂွန်းပြင်ရေသန့်စင်စက်ရုံ၏ Pumping System နှင့် ထိန်းချုပ်ခန်းတည်ဆောက်ခြင်း၊ သတင်းအချက်အလက်ရယူထိန်းသိမ်းခြင်းစနစ် SCADA (Supervisory Control and Data Acquisition) တည်ဆောက်ခြင်းများဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အတိုင်ပင်ခံကုမ္ပဏီမှ စီမံကိန်းအသေးစိတ် ဒီဇိုင်းများရေးဆွဲခြင်းကို ဆောင်ရွက်သွားမည်။

(၁၁) ရန်ကုန်မြို့တော်ကြီးနှင့် မြို့တော်နေပြည်သူများအတွက် "သန့်ရှင်း၊ စိမ်းလန်း၊ ကြည်လင်မှုနှင့် မြို့တော်ရန်ကုန်" ဟူသောဆောင်ပုဒ်နှင့်အညီ အရိပ်ရပင်၊ ပန်းအလှများဖြင့် စီမံဆောင်ရွက်အလှဆင်ပြီး ပြည်သူများ၏ မျက်စိပသာဒမြင်ကွင်းများတွင် စိတ်ကြည်လင်လန်းဆန်းစေအောင် ဆောင်ရွက်မည်။

(၁၂) မြို့တော်တစ်ခွင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အားကစားကွင်းများ၊ ပန်းဥယျာဉ်အဆင့်မြင့်တင်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးကို အထောက်အကူပြု ဆောင်ရွက်မည်။

(၁၃) အများပြည်သူ အပန်းဖြေအနားယူသည့် ဥယျာဉ်များ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကွင်းများ၊ လေ့ကျင့်ရေးကွင်းများ နိုင်ငံတကာအဆင့်မီဖြစ်အောင် တတ်စွမ်းသမျှ ဆောင်ရွက်သွားမည်။

၁၆။ ရန်ကုန်တိုင်းဒေသကြီး၏ ဆောက်လုပ်မှုကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၁,၀၉၅,၉၂၃.၂) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် (၂.၇) ရာခိုင်နှုန်းတိုးတက်ရရှိရန် ရည်မှန်းထားပါသည်။

ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်များ

၁၇။ ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပို့ဆောင်ရေး

(၁) (Efficient Transport Network System) အား (Demand and Supply Concept) နှင့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေပြောင်းလဲမှုအပေါ် အခြေခံ၍ တည်ထောင်ဆောင်ရွက်သွားရန်၊

(၂) ရေကြောင်းနှင့်လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့်ဖက်စပ်လုပ်ငန်းစနစ်အား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရန်၊

(၃) သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန်နှင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်ရန်၊ မိမိဝန်ကြီးဌာနက ရှာဖွေနိုင်သည့်ဘဏ္ဍာငွေပေါ်တွင်သာ လုံးလုံးလျားလျား ရပ်တည်ဆောင်ရွက်ရန်၊

(၄) အသားတင်ရှာဖွေသည့်ဘဏ္ဍာငွေထဲမှ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် လေယာဉ်များ/သင်္ဘောများဝယ်ယူ၊ တည်ဆောက်ဖြည့်တင်းရန်၊ ဆိပ်ကမ်း/လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရန်၊

(၅) ခေတ်မီသတင်းနည်းပညာနှင့်အတွေးအခေါ်များ၊ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်၍ အရည်အသွေးမီ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရန်၊

(၆) စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်သူများ၏ ပင်ကိုအရည်အသွေးမြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းများ ပုံမှန်ဖွင့်လှစ်လေ့ကျင့်သွားရန်၊ နိုင်ငံ့ဝန်ထမ်းနှင့်ပုဂ္ဂလိကဝန်ထမ်းများအား နှစ်စဉ်တိုးမြှင့်ခန့်ထားသွားရန်၊

(၇) နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများလေ့ကျင့်ပို့ချပြီး နိုင်ငံတကာ သင်္ဘောလိုင်းများ/လေကြောင်းလိုင်းများတွင် အလုပ်အကိုင်တိုးမြှင့်ရရှိရေးဆောင်ရွက်သွားရန်။

(ခ) ရထားပို့ဆောင်ရေး

(၁) မိမိလက်ဝယ်ရှိ စွမ်းအားစုများကို အထိရောက်ဆုံး သုံးစွဲနိုင်ရန်၊

(၂) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်၊

(၃) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စနစ်တကျဖြစ်ပေါ်စေရန်၊

(၄) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲတိုးတက်နေစေရေး လေ့ကျင့်ပေးရန်၊

(၅) အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊

(၆) ပြည်သူများ အားထားနိုင်သည့် ရထားလုပ်ငန်းအဖြစ် ရပ်တည်နိုင်ရန်၊

(၇) နိုင်ငံတော်အတွက် ဝင်ငွေရရှိရေးနှင့် ရထားလမ်းဖြင့် ဆက်စပ်နေသောနေရာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုရန်။

၁၈။ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်စျေးနှုန်းအရကျပ် သန်းပေါင်း (၂,၆၅၉,၄၃၉. ၅) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် (၇. ၈) ရာခိုင်နှုန်းတိုးတက်ရရှိရန်ရည်မှန်းပါသည်။

ဆက်သွယ်ရေးကဏ္ဍ ရည်မှန်းချက်များ

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တယ်လီဖုန်းသုံးစွဲသူများကို ကောင်းမွန်သည့် ဝန်ဆောင်မှုပေးအပ်ကာ သုံးစွဲသူဗဟိုပြုစနစ် ဖွံ့ဖြိုးလာစေရန်၊

(ခ) အော်တိုတယ်လီဖုန်းကွန်ရက်၏ အခန်းကဏ္ဍကို ထိရောက်ကောင်းမွန်စေလျက် မိုဘိုင်းနှင့်အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုကို မြှင့်တင်ရန်၊

(ဂ) တယ်လီဖုန်းသုံးစွဲမှုပမာဏကို တိုးမြှင့်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အကျိုးအမြတ်တိုးတက်စေရန် တာဝါမျှဝေသုံးစွဲသည့် ဝန်ဆောင်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်ရန်၊

(ဃ) KDDI Summit Global Myanmar Limited ၏ လုပ်ငန်းစွမ်းဆောင်ရည်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရန်၊

(င) မြို့ပြဇရိယာများတွင် လိုင်းအင်အားတိုးချဲ့ဆောင်ရွက်သကဲ့သို့ ကွန်ရက်လွှမ်းခြုံမှုဇရိယာကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်၊

(စ) ပိုမိုကောင်းမွန်သည့် အင်တာနက်မြန်နှုန်းဝန်ဆောင်မှုပေးနိုင်ရေး ကွန်ရက်များကို တိုးချဲ့သွားရန်၊

(ဆ) ယှဉ်ပြိုင်ဝန်ဆောင်မှုပေးနိုင်ရေး အော်တိုတယ်လီဖုန်းကွန်ရက်ကို တိုးချဲ့တည်ဆောက်သွားရန်။

၂၀။ ရန်ကုန်တိုင်းဒေသကြီး ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်စျေးနှုန်းအရ ကျပ်သန်းပေါင်း (၆၈၂,၉၉၅. ၇) ဖြစ်ပြီး တိုးတက်မှုနှုန်းအနေဖြင့် (၁၄. ၇) ရာခိုင်နှုန်းတိုးတက်ရရှိရန် ရည်မှန်းပါသည်။

ငွေရေးကြေးရေးကဏ္ဍ ရည်မှန်းချက်များ

၂၁။ ရန်ကုန်တိုင်းဒေသကြီး ငွေရေးကြေးရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အာမခံစနစ်အပေါ် ပြည်သူအများ ယုံကြည်ကိုးစားမှု ရှိလာစေရန်၊

(ခ) အာမခံပညာနှင့် အာမခံလုပ်ငန်း ရှင်သန်တိုးတက် ထွန်းကားလာစေရန်၊

(ဂ) နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ကဏ္ဍများ၏ မမျှော်မှန်းနိုင်သောဆုံးရှုံးပျက်စီးမှုများအတွက် အချိန်နှင့် တစ်ပြေးညီ လိုအပ်လာသော အာမခံအကာအကွယ်အမျိုးမျိုးဖြင့် အထောက်အကူပြုစေရန်၊

(ဃ) လက်ရှိဆောင်ရွက်လျက်ရှိသော ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းများအပြင် ဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန်၊

(င) နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်နှင့် နိုင်ငံတကာကုန်သွယ်မှုများ ပိုမိုတိုးမြှင့် လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်၊

(စ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီ IT နည်းပညာများတိုးမြှင့်အသုံးပြု ဆောင်ရွက်သွားရန်၊

(ဆ) အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းစနစ်များကို မျက်ခြည်မပြတ် လေ့လာသုံးသပ်၍ ဘဏ်လုပ်ငန်းသုံး ခေတ်မီစက်ကိရိယာများ၊ ခေတ်မီနည်းစနစ်များကို အသုံးပြုဆောင်ရွက်ရန်၊

(ဇ) မိမိဘဏ်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားအောင် ဆောင်ရွက်ရန်၊

(ဈ) ဘဏ်သို့လာရောက်သော Customer များအတွက် ဘဏ်မှဆောင်ရွက်ပေးသော ဝန်ဆောင်မှု လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်။

၂၂။ ရန်ကုန်တိုင်းဒေသကြီး ငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်စျေးနှုန်းအရ ကျပ်သန်းပေါင်း (၇၉,၀၉၇. ၄) ဖြစ်ပြီး တိုးတက်မှုနှုန်းအနေဖြင့် (၆. ၄) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်း ပါသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်

၂၃။ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျန်းမာရေး

(၁) လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာ နေထိုင်ရန်၊

(၂) လူတိုင်း ရောဂါဘယကင်းရှင်းရန်၊

(၃) ကျေးလက်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားစေရေးအတွက် ပြုပြင်တိုးမြှင့်ဆောင်ရွက်သွားရန်၊

(၄) ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ဆင့် တိုးမြင့်ဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျစေပြီး ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီစေရန်၊

(၅) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားရန်၊

(၆) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လုပ်ငန်းဆန်းစစ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အရည်အသွေးမြင့်မားသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရန်၊

(၈) ရန်ကုန်တိုင်းဒေသကြီး ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာလုပ်ငန်းနယ်ပယ် ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ရန်၊

(၉) ကုန်ကျစရိတ် သက်သာစွာဖြင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုများ ရရှိလာစေရန်၊

(၁၀) ဆေးရုံခုတင်နှင့်လူဦးရေအချိုးတိုးမြင့်လာစေရန်၊

(၁၁) ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အညွှန်းကိန်းများကို လက်ရှိအခြေအနေထက် တိုးမြှင့်လာစေရန်။

(၁၂) ဆေးရုံများတွင် လူနာသေဆုံးမှုနှုန်းများကို လျော့နည်းကျဆင်းလာစေရန်။

( ခ ) ပညာရေး

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် ကာယ၊ ဉာဏ၊ လုပ်သားများဖြစ်လာစေရန်၊

(၂) နိုင်ငံအကျိုးကို ရှေးရှုလျက်အသက်မွေးဝမ်းကျောင်းပညာ အခြေခံများ သင်ကြားပေးရန်၊

(၃) ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးနှင့် ထက်မြက်ရေးအတွက် အထောက်အကူပြုစေမည့် သိပ္ပံပညာကို ဦးစားပေးရန်၊

(၄) နိုင်ငံတော်၏ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေထိန်းသိမ်းရေးနှင့် တိုးတက်ရေးအတွက် ဝိဇ္ဇာပညာကိုလည်း ဦးစားပေးရန်၊

(၅) တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်ရေးအတွက် ခိုင်မြဲသောပညာ အခြေခံ တည်ဆောက်ပေးရန်။

( ဂ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊

(၂) အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး။

(ဃ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁) ပြန်ကြားရေးဝန်ကြီးဌာန၏ ပင်မဦးစီးဌာနတစ်ခုအနေဖြင့် Regulation Body အဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊

(၂) ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

(၁) သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဒုက္ခသည်များအား လတ်တလောသက်သာချောင်ချိမှုရရှိစေရေးနှင့်ကောင်းမွန်သည့်လူနေမှုဘဝပြန်လည်ရရှိစေရေး အတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးရန်အတွက် အထောက်အပံ့ပေးရန်၊

(၂) သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ပေးရန်၊

(၃) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် UN၊ NGOs၊ INGO အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရန်။

၂၄။ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်း အရ ကျပ်သန်းပေါင်း (၆၈၂,၁၀၄. ၀) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် (၄. ၅) ရာခိုင်နှုန်းတိုးတက်ရရှိရန် ရည်မှန်းပါသည်။

ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှု

၂၅။ ရန်ကုန်တိုင်းဒေသကြီး ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(က) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၁) မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးအခွင့်အလမ်းများ စီမံပံ့ပိုးပေးရန်၊ မြန်မာနိုင်ငံ၏ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအပေါ် ဖြည့်ဆည်းပေးရန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ ပြည်ပခရီးသည်များ ပိုမိုလာရောက်နိုင်ရန်။

(ခ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၁) ပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက် စေရန် အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေးဇုန် စီမံကိန်းများကို Master Plan များ စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့ကြီးများနှင့်မြို့များတွင် မြို့ပြလူဦးရေ တိုးတက် လာမှုနှင့်အညီ လိုအပ်လာမည့် အိမ်ရာအခြေခံအဆောက်အအုံများကို စနစ်တကျ ဖြည့်ဆည်း ပေးနိုင်မည့် မြို့ပြဖွံ့စည်းတည်ဆောက်မှုနှင့် မြို့ပြစီမံကိန်းပုံစံများကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) နိုင်ငံနှင့် ပြည်သူတို့၏ အိမ်ရာကဏ္ဍနှင့်ပတ်သက်၍ လိုလားချက်များကို တတ်နိုင်စွမ်းအား အလိုက် နေရာဒေသအမျိုးမျိုးတွင် ကောင်းမွန်သင့်လျော်သော အိမ်ရာအမျိုးမျိုးကို စီမံကိန်း များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဂ) သမဝါယမဦးစီးဌာန

(၁) အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း အောင်မြင်အောင်တိုးချဲ့ဆောင်ရွက်ရန်၊

(၂) သမဝါယမလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) ပြည်သူ့ဗဟိုပြုဘဏ္ဍာရေးဝန်ဆောင်မှု (Financial Network) တည်ဆောက်ရန်၊

(၄) နည်းပညာ၊ သွင်းအားစုနှင့်သတင်းအချက်အလက် အရင်းအမြစ် (Technology, Material and Information Network) တည်ဆောက်ရန်၊

(၅) ရပ်ကွက်၊ ကျေးရွာအလိုက် သမဝါယမ အသင်းသစ်များ တိုးချဲ့ဖွဲ့စည်းရန်၊

(၆) အသင်းဖွဲ့စည်းပြီးသော်လည်း လုပ်ငန်းဆောင်ရွက်ခြင်းမရှိသော အသင်းများအား လုပ်ငန်းလုပ်ကိုင်စေပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(၇) သမဝါယမအသင်းများသို့ ကွင်းဆင်းထိတွေ့ခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်း စာရင်းစစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(၈) သမဝါယမ ပညာပေးရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်။

၂၆။ ရန်ကုန်တိုင်းဒေသကြီး ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၃၈၅,၆၅၉. ၇) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် (၂၀. ၃) ရာခိုင်နှုန်းတိုးတက်ရရှိရန် ရည်မှန်းပါသည်။

ကုန်သွယ်မှုကဏ္ဍ

၂၇။ ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(ခ) ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများကို လေ့လာ၍ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရန်၊

(ဂ) ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် စားသုံးသူအကျိုးကာကွယ်ရေး ဆောင်ရွက်ရန်၊

(ဃ) ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေး ဆောင်ရွက်ရန်၊

(င) ထုတ်ကုန်သွင်းကုန်များ ထုတ်လုပ်၊ ထုပ်ပိုး၊ သိုလှောင်၊ အရည်အသွေး စီမံခန့်ခွဲမှုနှင့် စမ်းသပ်စစ်ဆေးမှုဆိုင်ရာ သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် နည်းပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စ) ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများ တိုးမြှင့်ကျင်းပပါဝင်ရန် အပါအဝင် ကုန်သွယ်မှုမြှင့်တင်ရေး ဝန်ဆောင်မှုများနှင့်ကုန်သွယ်မှု သတင်းအချက်အလက် ဖြန့်ဝေမှုများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ရန်။

၂၈။ ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၄,၈၈၆,၈၇၄. ၂) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် (၇. ၂) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်

၂၉။ ရန်ကုန်တိုင်းဒေသကြီး၏ ဝန်ကြီးဌာနအလိုက် နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလျာထားချက် (ငွေလုံးငွေရင်းအသုံးစရိတ်) မှာ ကျပ်သန်းပေါင်း (၁၉၈,၆၂၂. ၆၁၈) ဖြစ်ပါသည်။

**[ ယခင်အပတ် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။ ) မှ အဆက် ]**

ပူးတွဲ (၁)

**ရှမ်းပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၃၁၃၂၇၅. ၈** | **၃၇. ၃** | **၁၃၂၉၉၈၆. ၂** | **၃၅. ၃** | **၁. ၃** |
| | ၁ | လယ်ယာ | ၁၀၁၂၈၆၆. ၁ | ၂၈. ၇ | ၁၀၃၁၆၄၅. ၇ | ၂၇. ၄ | ၁. ၉ |
| | ၂ | သားငါး | ၂၇၆၈၀၈. ၅ | ၇. ၉ | ၂၈၉၈၄၁. ၂ | ၇. ၇ | ၄. ၇ |
| | ၃ | သစ်တော | ၂၃၆၀၁. ၂ | ၀. ၇ | ၈၄၉၉. ၃ | ၀. ၂ | -၆၄. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၈၄၆၀၃၂. ၇** | **၂၄. ၀** | **၁၀၀၃၀၂၀. ၉** | **၂၆. ၆** | **၁၈. ၆** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၂၀၁၅. ၅ | ၂. ၉ | ၁၁၆၇၂၆. ၈ | ၃. ၁ | ၁၄. ၄ |
| | ၃ | စက်မှုလက်မှု | ၄၂၂၆၁၂. ၅ | ၁၂. ၀ | ၄၅၉၈၈၁. ၅ | ၁၂. ၂ | ၈. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၂၁၁၁. ၃ | ၁. ၇ | ၅၉၈၈၃. ၃ | ၁. ၆ | -၃. ၆ |
| | ၅ | ဆောက်လုပ်မှု | ၂၅၉၂၉၃. ၄ | ၇. ၄ | ၃၆၆၅၂၉. ၃ | ၉. ၇ | ၄၁. ၄ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၃၆၃၆၂၃. ၄** | **၃၈. ၇** | **၁၄၃၆၅၈၄. ၉** | **၃၈. ၁** | **၅. ၄** |
| | ၁ | ပို့ဆောင်ရေး | ၂၇၃၅၆၀. ၄ | ၇. ၈ | ၂၈၃၀၂၄. ၈ | ၇. ၅ | ၃. ၅ |
| | ၂ | ဆက်သွယ်ရေး | ၁၅၅၃၆၅. ၉ | ၄. ၄ | ၁၆၂၈၃၅. ၅ | ၄. ၃ | ၄. ၈ |
| | ၃ | ငွေရေးကြေးရေး | ၇၆၁၂. ၁ | ၀. ၂ | ၈၂၃၆. ၆ | ၀. ၂ | ၈. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၂၄၄၉. ၄ | ၂. ၃ | ၈၄၃၂၀. ၅ | ၂. ၂ | ၂. ၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၄၀၃၂၂. ၇ | ၆. ၈ | ၂၆၆၁၂၈. ၉ | ၇. ၁ | ၁၀. ၇ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၆၀၄၃၁၁. ၉ | ၁၇. ၂ | ၆၃၂၀၃၈. ၆ | ၁၆. ၈ | ၄. ၆ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၅၂၂၉၃၁. ၉** | **၁၀၀. ၀** | **၃၇၆၉၅၉၂. ၀** | **၁၀၀. ၀** | **၇. ၀** |

ပူးတွဲ (၂)

**ရှမ်းပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၁၅၉၃၀၈. ၅** | **၆၁. ၃** | **၂၃၃၃၀၀၇. ၁** | **၆၁. ၉** | **၈. ၀** |
| | ၁ | လယ်ယာ | ၁၀၁၂၈၆၆. ၁ | ၂၈. ၇ | ၁၀၃၁၆၄၅. ၇ | ၂၇. ၄ | ၁. ၉ |
| | ၂ | သားငါး | ၂၇၆၈၀၈. ၅ | ၇. ၉ | ၂၈၉၈၄၁. ၂ | ၇. ၇ | ၄. ၇ |
| | ၃ | သစ်တော | ၂၃၆၀၁. ၂ | ၀. ၇ | ၈၄၉၉. ၃ | ၀. ၂ | -၆၄. ၀ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၂၀၁၅. ၅ | ၂. ၉ | ၁၁၆၇၂၆. ၈ | ၃. ၁ | ၁၄. ၄ |
| | ၆ | စက်မှုလက်မှု | ၄၂၂၆၁၂. ၅ | ၁၂. ၀ | ၄၅၉၈၈၁. ၅ | ၁၂. ၂ | ၈. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၂၁၁၁. ၃ | ၁. ၇ | ၅၉၈၈၃. ၃ | ၁. ၆ | -၃. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂၅၉၂၉၃. ၄ | ၇. ၄ | ၃၆၆၅၂၉. ၃ | ၉. ၇ | ၄၁. ၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၇၅၉၃၁၁. ၅** | **၂၁. ၅** | **၈၀၄၅၄၆. ၃** | **၂၁. ၃** | **၆. ၀** |
| | ၁ | ပို့ဆောင်ရေး | ၂၇၃၅၆၁. ၄ | ၇. ၈ | ၂၈၃၀၂၄. ၈ | ၇. ၅ | ၃. ၅ |
| | ၂ | ဆက်သွယ်ရေး | ၁၅၅၃၆၅. ၉ | ၄. ၄ | ၁၆၂၈၃၅. ၅ | ၄. ၃ | ၄. ၈ |
| | ၃ | ငွေရေးကြေးရေး | ၇၆၁၂. ၁ | ၀. ၂ | ၈၂၃၆. ၆ | ၀. ၂ | ၈. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၂၄၄၉. ၄ | ၂. ၃ | ၈၄၃၂၀. ၅ | ၂. ၂ | ၂. ၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၄၀၃၂၂. ၇ | ၆. ၈ | ၂၆၆၁၂၈. ၉ | ၇. ၁ | ၁၀. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၆၀၄၃၁၁. ၉** | **၁၇. ၂** | **၆၃၂၀၃၈. ၆** | **၁၆. ၈** | **၄. ၆** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၅၂၂၉၃၁. ၉** | **၁၀၀. ၀** | **၃၇၆၉၅၉. ၀** | **၁၀၀. ၀** | **၇. ၀** |

ပူးတွဲ (၃)

## ရှမ်းပြည်နယ်၏
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) တန်ဖိုး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆၃၃၂၂၄. ၉** | **၃၇. ၅** | **၁၇၁၁၇၃၇. ၄** | **၃၅. ၀** | **၄. ၈** |
| | ၁ | လယ်ယာ | ၁၂၆၂၀၃၇. ၁ | ၂၉. ၀ | ၁၃၁၂၀၀၅. ၄ | ၂၆. ၈ | ၄. ၀ |
| | ၂ | သားငါး | ၃၄၅၂၅၆. ၈ | ၇. ၉ | ၃၉၀၅၇၆. ၀ | ၈. ၀ | ၁၃. ၁ |
| | ၃ | သစ်တော | ၂၅၉၃၁. ၀ | ၀. ၆ | ၉၁၅၆. ၀ | ၀. ၂ | -၆၄. ၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၀၂၁၄၆၉. ၀** | **၂၃. ၅** | **၁၃၀၄၄၁၀. ၉** | **၂၆. ၆** | **၂၇. ၇** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၉၆၈၃. ၅ | ၂. ၅ | ၁၃၂၂၃၂. ၈ | ၂. ၇ | ၂၀. ၆ |
| | ၃ | စက်မှုလက်မှု | ၄၈၁၇၂၀. ၅ | ၁၁. ၁ | ၅၅၆၈၄၆. ၆ | ၁၁. ၄ | ၁၅. ၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၄၆၀၈. ၉ | ၁. ၇ | ၇၀၄၃၄. ၁ | ၁. ၄ | -၅. ၆ |
| | ၅ | ဆောက်လုပ်မှု | ၃၅၅၄၅၅. ၁ | ၈. ၂ | ၅၄၄၈၉၇. ၄ | ၁၁. ၁ | ၅၃. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၆၉၇၆၃၂. ၇** | **၃၉. ၀** | **၁၈၈၂၈၄၁. ၃** | **၃၈. ၄** | **၁၀. ၉** |
| | ၁ | ပို့ဆောင်ရေး | ၃၁၇၁၀၇. ၃ | ၇. ၃ | ၃၃၀၇၁၅. ၅ | ၆. ၈ | ၄. ၃ |
| | ၂ | ဆက်သွယ်ရေး | ၉၁၂၈၆. ၇ | ၂. ၁ | ၁၁၀၀၄၅. ၁ | ၂. ၂ | ၂၀. ၅ |
| | ၃ | ငွေရေးကြေးရေး | ၅၈၉၈. ၇ | ၀. ၁ | ၆၃၈၂. ၄ | ၀. ၁ | ၈. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၄၄၅၃၄. ၉ | ၃. ၃ | ၁၄၇၈၃၈. ၈ | ၃. ၀ | ၂. ၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၃၀၃၁၉၂. ၃ | ၇. ၀ | ၃၅၂၅၉၆. ၈ | ၇. ၂ | ၁၆. ၃ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈၃၅၆၁၂. ၈ | ၁၉. ၂ | ၉၃၅၂၆၂. ၇ | ၁၉. ၁ | ၁၁. ၉ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၃၅၂၃၂၆. ၆** | **၁၀၀. ၀** | **၄၈၉၈၉၈၉. ၆** | **၁၀၀. ၀** | **၁၂. ၆** |

ပူးတွဲ - (၄)

**ရှမ်းပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၆၅၄၆၉၃.၉** | **၆၁.၀** | **၃၀၁၆၁၄၈.၃** | **၆၁.၆** | **၁၃.၆** |
| | ၁ | လယ်ယာ | ၁၂၆၂၀၇၇.၁ | ၂၉.၀ | ၁၃၁၂၀၀၅.၄ | ၂၆.၈ | ၄.၀ |
| | ၂ | သားငါး | ၃၄၅၂၅၆.၈ | ၇.၉ | ၃၉၀၅၇၆.၀ | ၈.၀ | ၁၃.၁ |
| | ၃ | သစ်တော | ၂၅၉၃၁.၀ | ၀.၆ | ၉၁၅၆.၀ | ၀.၂ | -၆၄.၇ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၉၆၈၃.၅ | ၂.၅ | ၁၃၂၂၃၂.၈ | ၂.၇ | ၂၀.၆ |
| | ၆ | စက်မှုလက်မှု | ၄၈၁၇၂၁.၅ | ၁၁.၁ | ၅၅၆၈၄၆.၆ | ၁၁.၄ | ၁၅.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၄၆၀၈.၉ | ၁.၇ | ၇၀၄၃၄.၁ | ၁.၄ | -၅.၆ |
| | ၈ | ဆောက်လုပ်မှု | ၃၅၅၄၅၅.၁ | ၈.၂ | ၅၄၄၈၉၇.၄ | ၁၁.၁ | ၅၃.၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၆၂၀၁၉.၉** | **၁၉.၈** | **၉၄၇၅၇၈.၆** | **၁၉.၃** | **၉.၉** |
| | ၁ | ပို့ဆောင်ရေး | ၃၁၇၁၀၇.၃ | ၇.၃ | ၃၃၀၇၁၅.၅ | ၆.၈ | ၄.၃ |
| | ၂ | ဆက်သွယ်ရေး | ၉၁၂၈၆.၇ | ၂.၁ | ၁၁၀၀၄၅.၁ | ၂.၂ | ၂၀.၅ |
| | ၃ | ငွေရေးကြေးရေး | ၅၈၉၈.၇ | ၀.၁ | ၆၃၈၂.၄ | ၀.၁ | ၈.၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၄၄၅၃၄.၉ | ၃.၃ | ၁၄၇၈၃၈.၈ | ၃.၀ | ၂.၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၃၀၃၁၉၂.၃ | ၇.၀ | ၃၅၂၅၉၆.၈ | ၇.၂ | ၁၆.၃ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၃၅၆၁၂.၈** | **၁၉.၂** | **၉၃၅၂၆၂.၇** | **၁၉.၁** | **၁၁.၉** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၃၅၂၃၂၆.၆** | **၁၀၀.၀** | **၄၈၉၈၉၈၉.၆** | **၁၀၀.၀** | **၁၂.၆** |

# ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ
# (၂၀၁၆ ခုနှစ် ၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ ကရင်ပြည်နယ် အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ကရင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင် စေရမည်။ ဤ ဥပဒေသည် ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ) ၏ ပထမနှစ် စီမံကိန်းဥပဒေလည်း ဖြစ်သည်။

၂။ ဤဥပဒေသည် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တစ်ပြည်နယ်လုံး အတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်း အစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ရည်ရွယ်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ထားသောကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေမည်ဟု ရည်မှန်းလျာထားချက်များကို ဆိုသည်။

(င) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုနှင့် ဒုတိယခြောက်လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်းကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ်အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ ကရင်ပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှအပ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းတို့တွင် လယ်ယာကဏ္ဍကြီး၌ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီး၌ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှု ကဏ္ဍကြီး၌ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ပါဝင်သည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကရင်ပြည်နယ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကရင်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇. ၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ
လယ်ယာကဏ္ဍတွင် ၂. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
သားငါးကဏ္ဍတွင် ၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
သစ်တောကဏ္ဍတွင် ၁၀. ၇ ရာခိုင်နှုန်း လျော့နည်းရန်၊
သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
စက်မှုလက်မှုကဏ္ဍတွင် ၁၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၃၄. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
ဆောက်လုပ်မှုကဏ္ဍတွင် ၁၅. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
ပို့ဆောင်ရေးကဏ္ဍတွင် ၁၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
ဆက်သွယ်ရေးကဏ္ဍတွင် ၅. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
ငွေရေးကြေးရေးကဏ္ဍတွင် ၂၅. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
ကုန်သွယ်မှုကဏ္ဍတွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးတွင်နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာ ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅. ၄ ရာခိုင်နှုန်းမှ ၃၄. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊

စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃. ၂ ရာခိုင်နှုန်း မှ ၂၄. ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၁. ၄ ရာခိုင်နှုန်းမှ ၄၁. ၇ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရန်၊

(ဃ) စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးတွင်ပုံမှန်စျေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃. ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၃. ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈. ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်စေရန်။

## အခန်း(၃)

## အထွေထွေ

၅။ ကရင်ပြည်နယ်၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ပူးတွဲ (၁)၊(၂)၊(၃)၊(၄) များဖြင့် ဖော်ပြထားရာ ယင်းရည်မှန်းချက်များကို ဌာနဆိုင်ရာများနှင့် ဒေသအာဏာပိုင်အဖွဲ့တို့က အဆက်အစပ် မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။

၆။ စီးပွားရေးစီမံကိန်းများကို တင်ပြဆောင်ရွက်ရာတွင်သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာ ခွင့်ပြုဆောင်ရွက်ရမည်။

၇။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူ ပြု မပြု ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး အစိုးရအဖွဲ့၏ ဆောင်ရွက်ရန် သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်း စီမံကိန်းများ ဖြစ်ရပါမည်။

၈။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်း၊ နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း (ပြည်နယ်ဘတ်ဂျက်) ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ကရင်ပြည်နယ် အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) စောဝင်းထိန်
ခေတ္တဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

**ပူးတွဲ -(၁)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အတွက်
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၃၉၇၈၈၆. ၀** | **၃၆. ၅** | **၉. ၅** | **၄၁၁၇၇၀. ၉** | **၃၅. ၁** | **၃. ၅** |
| | ၁ | လယ်ယာ | ၃၂၂၈၇၈. ၇ | ၂၉. ၇ | ၉. ၄ | ၃၃၂၃၄၈. ၉ | ၂၈. ၃ | ၂. ၉ |
| | ၂ | သားငါး | ၇၂၃၂၆. ၂ | ၆. ၆ | ၉. ၅ | ၇၇၀၂၈. ၇ | ၆. ၆ | ၆. ၅ |
| | ၃ | သစ်တော | ၂၆၈၁. ၁ | ၀. ၂ | ၃၂. ၆ | ၂၃၉၃. ၃ | ၀. ၂ | -၁၀. ၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၄၇၀၇၂. ၄** | **၂၂. ၇** | **၈. ၁** | **၂၈၀၁၆၂. ၀** | **၂၃. ၉** | **၁၃. ၄** |
| | ၁ | စွမ်းအင် | | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၄၃. ၈ | ၀. ၇ | ၁၁. ၂ | ၇၅၈၆. ၆ | ၀. ၇ | ၆. ၂ |
| | ၃ | စက်မှုလက်မှု | ၁၆၉၀၄၇. ၄ | ၁၅. ၅ | ၁၀. ၇ | ၁၈၉၃၉၄. ၇ | ၁၆. ၁ | ၁၂. ၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၉၄၆. ၁ | ၀. ၆ | -၇. ၃ | ၉၃၃၅. ၆ | ၀. ၈ | ၃၄. ၄ |
| | ၅ | ဆောက်လုပ်မှု | ၆၃၉၃၅. ၁ | ၅. ၉ | ၃. ၁ | ၇၃၈၄၅. ၁ | ၆. ၃ | ၁၅. ၅ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၄၄၅၇၀. ၆** | **၄၀. ၈** | **၁၀. ၁** | **၄၈၀၉၈၆. ၁** | **၄၁. ၀** | **၈. ၂** |
| | ၁ | ပို့ဆောင်ရေး | ၁၁၆၆၈၃. ၇ | ၁၀. ၇ | ၁၀. ၄ | ၁၃၀၀၈၈. ၄ | ၁၁. ၁ | ၁၁. ၅ |
| | ၂ | ဆက်သွယ်ရေး | ၄၆၄၁၇. ၉ | ၄. ၃ | ၁၈. ၃ | ၄၈၈၃၇. ၄ | ၄. ၂ | ၅. ၂ |
| | ၃ | ငွေရေးကြေးရေး | ၈၀၃. ၇ | ၀. ၁ | ၁၃. ၄ | ၁၀၀၆. ၁ | ၀. ၁ | ၂၅. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၅၅၉၅. ၈ | ၂. ၃ | ၄. ၄ | ၂၆၇၉၁. ၆ | ၂. ၃ | ၄. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၈၈၈၉. ၁ | ၃. ၆ | ၁၃. ၃ | ၄၅၁၁၁. ၄ | ၃. ၈ | ၁၆. ၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၁၆၁၈၀. ၄ | ၁၉. ၈ | ၈. ၅ | ၂၂၉၁၅၁. ၂ | ၁၉. ၅ | ၆. ၀ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၁၀၈၉၅၂၉. ၀** | **၁၀၀. ၀** | **၉. ၄** | **၁၁၇၂၉၁၉. ၀** | **၁၀၀. ၀** | **၇. ၇** |

**ပူးတွဲ -(၂)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အတွက် ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၄၄၉၅၈. ၄** | **၅၉. ၂** | **၉. ၁** | **၆၉၁၉၃၂. ၉** | **၅၉. ၀** | **၇. ၃** |
| | ၁ | လယ်ယာ | ၃၂၂၈၇၈. ၇ | ၂၉. ၆ | ၉. ၄ | ၃၃၂၃၄၈. ၉ | ၂၈. ၃ | ၂. ၉ |
| | ၂ | သားငါး | ၇၂၃၂၆. ၂ | ၆. ၆ | ၉. ၅ | ၇၇၀၂၈. ၇ | ၆. ၆ | ၆. ၅ |
| | ၃ | သစ်တော | ၂၆၈၁. ၁ | ၀. ၃ | ၃၂. ၆ | ၂၃၉၃. ၃ | ၀. ၂ | -၁၀. ၇ |
| | ၄ | စွမ်းအင် | | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၄၃. ၈ | ၀. ၇ | ၁၁. ၂ | ၇၅၈၆. ၆ | ၀. ၆ | ၆. ၂ |
| | ၆ | စက်မှုလက်မှု | ၁၆၉၀၄၇. ၄ | ၁၅. ၅ | ၁၀. ၇ | ၁၈၉၃၉၄. ၇ | ၁၆. ၂ | ၁၂. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၉၄၆. ၁ | ၀. ၆ | -၇. ၃ | ၉၃၃၅. ၆ | ၀. ၈ | ၃၄. ၄ |
| | ၈ | ဆောက်လုပ်မှု | ၆၃၉၃၅. ၁ | ၅. ၉ | ၃. ၁ | ၇၃၈၄၅. ၁ | ၆. ၃ | ၁၅. ၅ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၂၈၃၉၀. ၂** | **၂၁. ၀** | **၁၁. ၇** | **၂၅၁၈၃၄. ၉** | **၂၁. ၅** | **၁၀. ၃** |
| | ၁ | ပို့ဆောင်ရေး | ၁၁၆၆၈၃. ၇ | ၁၀. ၇ | ၁၀. ၄ | ၁၃၀၀၈၈. ၄ | ၁၁. ၁ | ၁၁. ၅ |
| | ၂ | ဆက်သွယ်ရေး | ၄၆၄၁၇. ၉ | ၄. ၃ | ၁၈. ၃ | ၄၈၈၃၇. ၄ | ၄. ၂ | ၅. ၂ |
| | ၃ | ငွေရေးကြေးရေး | ၈၀၃. ၇ | ၀. ၁ | ၁၃. ၄ | ၁၀၀၆. ၁ | ၀. ၁ | ၂၅. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၅၅၉၅. ၈ | ၂. ၃ | ၄. ၄ | ၂၆၇၉၁. ၆ | ၂. ၃ | ၄. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၈၈၈၉. ၁ | ၃. ၆ | ၁၃. ၃ | ၄၅၁၁၁. ၄ | ၃. ၈ | ၁၆. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၁၆၁၈၀. ၄** | **၁၉. ၈** | **၈. ၅** | **၂၂၉၁၅၁. ၂** | **၁၉. ၅** | **၆. ၀** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၁၀၈၉၅၂၉. ၀** | **၁၀၀. ၀** | **၉. ၄** | **၁၁၇၂၉၁၉. ၀** | **၁၀၀. ၀** | **၇. ၇** |

**ပူးတွဲ -(၃)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၄၇၅၀၀၅. ၅** | **၃၅. ၄** | **၁၀. ၈** | **၅၁၃၁၁၈. ၅** | **၃၄. ၀** | **၈. ၀** |
| | ၁ | လယ်ယာ | ၃၈၆၃၂၆. ၁ | ၁၂၉. ၆ | ၁၀. ၀ | ၄၁၃၆၀၁. ၉ | ၁၂၂. ၄ | ၇. ၁ |
| | ၂ | သားငါး | ၈၅၆၉၈. ၂ | ၂၈. ၈ | ၁၄. ၃ | ၉၆၆၄၆. ၂ | ၂၈. ၆ | ၁၂. ၈ |
| | ၃ | သစ်တော | ၂၉၈၁. ၂ | ၁. ၀ | ၂၃. ၅ | ၂၈၇၀. ၄ | ၀. ၉ | -၃. ၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၁၀၆၉၉. ၃** | **၂၃. ၂** | **၁၅. ၉** | **၃၆၇၅၃၅. ၄** | **၂၄. ၃** | **၁၈. ၃** |
| | ၁ | စွမ်းအင် | | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၂၃၅ | ၀. ၅ | ၁၂. ၇ | ၈၃၇၆. ၇ | ၀. ၆ | ၁၅. ၈ |
| | ၃ | စက်မှုလက်မှု | ၂၀၄၆၁၈. ၈ | ၁၅. ၃ | ၂၀. ၅ | ၂၃၈၄၃၆. ၅ | ၁၅. ၈ | ၁၆. ၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၅၄၀၅. ၉ | ၁. ၁ | ၂. ၆ | ၁၉၀၈၇. ၄ | ၁. ၃ | ၂၃. ၉ |
| | ၅ | ဆောက်လုပ်မှု | ၈၃၄၃၉. ၆ | ၆. ၂ | ၈. ၇ | ၁၀၁၆၃၄. ၈ | ၆. ၇ | ၂၁. ၈ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၅၅၅၁၅၀. ၆** | **၄၁. ၄** | **၁၈. ၆** | **၆၃၀၉၅၉** | **၄၁. ၇** | **၁၃. ၇** |
| | ၁ | ပို့ဆောင်ရေး | ၁၃၃၃၀၅. ၆ | ၉. ၉ | ၁၀. ၅ | ၁၅၀၄၉၀. ၁ | ၁၀. ၀ | ၁၂. ၉ |
| | ၂ | ဆက်သွယ်ရေး | ၂၉၁၀၃. ၂ | ၂. ၂ | ၅၀. ၆ | ၃၄၇၄၅. ၆ | ၂. ၃ | ၁၉. ၄ |
| | ၃ | ငွေရေးကြေးရေး | ၆၂၂. ၉ | ၀. ၀၅ | ၁၃. ၄ | ၇၇၉. ၆ | ၀. ၀၅ | ၂၅. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၄၈၆၉. ၃ | ၃. ၃ | ၃၀. ၅ | ၄၆၉၆၅. ၇ | ၃. ၁ | ၄. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၄၉၂၅၃. ၇ | ၃. ၇ | ၁၈. ၉ | ၅၉၉၉၁. ၁ | ၄. ၀ | ၂၁. ၈ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၉၇၉၉၅. ၉ | ၂၂. ၂ | ၁၈. ၃ | ၃၃၇၉၈၆. ၉ | ၂၂. ၄ | ၁၃. ၄ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၁၃၄၀၈၅၅. ၄** | **၁၀၀. ၀** | **၁၅. ၁** | **၁၅၁၁၆၁၂. ၉** | **၁၀၀. ၀** | **၁၂. ၇** |

**ပူးတွဲ-(၄)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်းအတွက်
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၇၈၅၇၀၄. ၈** | **၅၈. ၆** | **၁၂. ၈** | **၈၈၀၆၅၃. ၉** | **၅၈. ၃** | **၁၂. ၁** |
| | ၁ | လယ်ယာ | ၃၈၆၃၂၆. ၁ | ၂၈. ၈ | ၁၀. ၀ | ၄၁၃၆၀၁. ၉ | ၂၇. ၄ | ၇. ၁ |
| | ၂ | သားငါး | ၈၅၆၉၈. ၂ | ၆. ၄ | ၁၄. ၃ | ၉၆၆၄၆. ၂ | ၆. ၄ | ၁၂. ၈ |
| | ၃ | သစ်တော | ၂၉၈၁. ၂ | ၀. ၂ | ၂၃. ၅ | ၂၈၇၀. ၄ | ၀. ၂ | -၃. ၇ |
| | ၄ | စွမ်းအင် | | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၂၃၅. ၀ | ၀. ၅ | ၁၂. ၇ | ၈၃၇၆. ၇ | ၀. ၆ | ၁၅. ၈ |
| | ၆ | စက်မှုလက်မှု | ၂၀၄၆၁၈. ၈ | ၁၅. ၃ | ၂၀. ၅ | ၂၃၈၄၃၆. ၅ | ၁၅. ၈ | ၁၆. ၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၅၄၀၅. ၉ | ၁. ၁ | ၂. ၆ | ၁၉၀၈၇. ၄ | ၁. ၃ | ၂၃. ၉ |
| | ၈ | ဆောက်လုပ်မှု | ၈၃၄၃၉. ၆ | ၆. ၂ | ၈. ၇ | ၁၀၁၆၃၄. ၈ | ၆. ၇ | ၂၁. ၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၅၇၁၅၄. ၇** | **၁၉. ၂** | **၁၈. ၉** | **၂၉၂၉၇၂. ၁** | **၁၉. ၄** | **၁၃. ၉** |
| | ၁ | ပို့ဆောင်ရေး | ၁၃၃၃၀၅. ၆ | ၉. ၉ | ၁၀. ၅ | ၁၅၀၄၉၀. ၁ | ၁၀. ၀ | ၁၂. ၉ |
| | ၂ | ဆက်သွယ်ရေး | ၂၉၁၀၃. ၂ | ၂. ၂ | ၅၀. ၆ | ၃၄၇၄၅. ၆ | ၂. ၃ | ၁၉. ၄ |
| | ၃ | ငွေရေးကြေးရေး | ၆၂၂. ၉ | ၀. ၀ | ၁၃. ၄ | ၇၇၉. ၆ | ၀. ၁ | ၂၅. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၄၈၆၉. ၃ | ၃. ၃ | ၃၀. ၅ | ၄၆၉၆၅. ၇ | ၃. ၁ | ၄. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၄၉၂၅၃. ၇ | ၃. ၇ | ၁၈. ၉ | ၅၉၉၉၁. ၁ | ၄. ၀ | ၂၁. ၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၉၇၉၉၅. ၉** | **၂၂. ၂** | **၁၈. ၃** | **၃၃၇၉၈၆. ၉** | **၂၂. ၄** | **၁၃. ၄** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)** | **၁၃၄၀၈၅၅. ၄** | **၁၀၀. ၀** | **၁၅. ၁** | **၁၅၁၁၆၁၂. ၉** | **၁၀၀. ၀** | **၁၂. ၇** |

**နောက်ဆက်တွဲ - ၁**

# ကရင်ပြည်နယ်၏
# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်
# မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

နောက်ဆက်တွဲ - ၁

## မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင်ကရင်ပြည်နယ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၂) ပြည်နယ်အတွင်းဒေသများ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(၃) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) စာရင်းဇယားကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နေထိုင်မှု အဆင့်အတန်း မြင့်မားရေးနှင့် စားဝတ်နေမှု ဖူလုံရန်၊

(၂) စက်မှုလုပ်ငန်းများ ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန်၊

(၃) ပြည်နယ်အတွင်း ငြိမ်းချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိစေရန်၊

(၄) လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သိပ္ပံနည်းကျ စိုက်ပျိုးခြင်းဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်မည်၊

(၂) ပြည်နယ်အတွင်း ခရိုင်/ မြို့နယ်/မြို့အားလုံးသို့ အချိန်မရွေးအဆင်ပြေလွယ်ကူ ချောမွေ့စွာ သွားလာနိုင်ခြင်းဖြင့် လူနှင့်ကုန်စည် စီးဆင်းမှု လျင်မြန်ချောမွေ့မှု ရှိအောင် ဆောင်ရွက်မည်၊

(၃) ပြည်နယ်အတွင်းခရိုင်/မြို့နယ်/မြို့အားလုံးဆက်သွယ်ရေးစနစ် အပြည့်အဝကောင်းမွန်အောင် ဆောင်ရွက်မည်၊

(၄) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ် အား ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်၊

(၅) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး ဆောင်ရွက်မည်၊

(၆) ပြည်နယ်အတွင်းရှိ ပြည်သူများ ကျန်းမာပြီး ပညာရည်မြင့်မားအောင် ဆောင်ရွက်မည်၊

(၇) ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်မည်၊

(၈) နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လိုက်လျောညီထွေရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်၊

(၉) နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် အရှေ့အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးရေး စီမံကိန်းနှင့် လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်။

၁။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ်၏ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေမြေဒေသအခြေအနေနှင့်ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊

(၂) တောင်သူလယ်သမားများထံ ခေတ်မီစိုက်ပျိုးနည်းပညာများ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရန်၊ နိုင်ငံအတွက် လိုအပ်မည့် စိုက်ပျိုးရေး ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ အရည်အသွေးမြင့်မားရေးကို စီမံဆောင်ရွက် သွားရန်၊

(၃) လယ်ယာကဏ္ဍ၏ ထုတ်လုပ်နိုင်မှု စွမ်းအားကို တိုးမြှင့်ပေးနိုင်ရေးအတွက် သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်စေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုရရှိစေရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) ကို မြှင့်တင် ဆောင်ရွက်သွားရန်၊

(၄) လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး၊ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေရှိမည့် သီးနှံများ စိုက်ပျိုး ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေ တိုးတက်ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေအသုံးချမှု စာရင်းများ မှန်ကန်ရေးကို အထူးအလေးထား ဆောင်ရွက်ရန်၊

(၂) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စပ်မျိုးစပါး၊ စပ်မျိုး အစေ့ထုတ်ပြောင်း အပါအဝင် အဓိကသီးနှံများတွင်အရည်အသွေးကောင်း အထူးအထွက်တိုးမျိုးများ တိုးချဲ့ ထုတ်လုပ်ခြင်း၊ ပြောင်းလဲစိုက်ပျိုးခြင်းများကို ဆောင်ရွက်သွားရန်၊

(၃) စံပြစက်မှု လယ်ယာကွက်များကို ဆက်လက်တိုးချဲ့ ဖော်ထုတ်သွားရန်၊

(၄) ဆည်မြောင်းတာတမံမှ အကျိုးပြုဧရိယာ ဧကတိုးချဲ့ ဆောင်ရွက်သွားရန်၊

(၅) တစ်ဧက အထွက်နှုန်းများ သိသိသာသာ တိုးတက်အောင် ဆောင်ရွက်ရန်၊

(၆) မြေယာပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန် ကာလများ အားလုံးတွင် စဉ်ဆက်မပြတ် ကြီးကြပ်၍ သီးနှံအရည်အသွေးတိုးတက်အောင် လေ့ကျင့်ပညာပေး စည်းရုံး ကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြု နိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းမှန်ကန်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားရန်နှင့် ပြည်နယ်အတွင်း စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်နိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင် များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာနမှ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

(၃) စက်မှုလယ်ယာ စနစ်ကျ လယ်မြေ (၅၀၀) ဧက ဖော်ထုတ်ရန်၊

(၄) လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများအတွက် ရေသွင်းရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများ၊ ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ၊ သဘာဝရိုးဟောင်း တူးဖော်ခြင်း လုပ်ငန်းများ၊ လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၅) လျှပ်စစ် မြစ်ရေတင်လုပ်ငန်းအနေဖြင့် သံလှယ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းနှင့်ဂျိုင်းမြစ်ရေတင် စီမံကိန်းများမှ အကျိုးပြုဧက ၇၀၀ ရရှိအောင်ဆောင်ရွက်ရန်။

၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်းသည့် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာ ဘေးကင်းမှုရှိစေရန် ဆောင်ရွက်ရန်၊

(၂) သတ်မှတ်ထားသည့် စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးနှင့် မြစ်ချောင်း အင်းအိုင်ပေါများသည့် ဒေသဖြစ်သဖြင့် ငါးပုစွန်ထုတ်လုပ်မှုကို ဒေသစားသုံးမှုဖူလုံ ပိုလျှံသည်အထိ တိုးတက် ထုတ်လုပ်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပုံမှန် ဈေးနှုန်းအရ ယခင်နှစ်အပေါ် ၆. ၅ ရာခိုင်နှုန်း တိုးတက်ရေး ဆောင်ရွက်ရန်၊

(၂) ပုဂ္ဂလိက အသားထုတ်လုပ်မှုကို ၇. ၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(၃) ပုဂ္ဂလိက ငါးပုစွန်ထုတ်လုပ်မှုကို ၀. ၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(၄) ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဟာဗျူဟာမူဘောင် (၅) ချက်အတိုင်း ဆောင်ရွက်ရန်၊

(၂) ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသားပေါက်များ တိုးချဲ့ထုတ်လုပ်နိုင်ရန် ငါးသားဖောက်စခန်းများ တိုးချဲ့ဆောင်ရွက်ရန်။

၃။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်းသည့် -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊

(၂) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

(၃) ကျေးလက်နေ ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်း ပေးရေး၊

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူ အများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၅) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပြည်သူ လူထုမှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ်လျက်ရှိသော သစ်များကိုဖြည့်ဆည်း ရောင်းချပေးနိုင်ရေး၊

(၆) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၇) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊

(၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး၊

(၉) ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုနှင့် ဟန်ချက် ညီညွတ်မျှတမှုကို ရရှိစေရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်ဖြစ်ပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်မည်၊

(၂) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေး နယ်မြေများကို သစ်တောကဏ္ဍ ပင်မစီမံကိန်းပါ ရည်မှန်းချက်များနှင့်အညီ တိုးချဲ့ဖွဲ့စည်း သတ်မှတ်မည်၊

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား လျှော့ချနိုင်ရေးနှင့် အစားထိုး ဖြည့်စွက်ပေးနိုင်ရေးအတွက် ဌာနစိုက်ခင်းများ သာမက ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်မည်၊

(၄) ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်တောထွက်ပစ္စည်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာသုံးစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်မည်၊

(၅) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်း၊ တာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်မည်၊

(၆) လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်၊

(၇) သစ်တောထိန်းသိမ်းမှု လုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်၊

(၈) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက် ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲမည်၊

(၉) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်မည်၊

(၁၀) ပြည်ပသို့ သစ်လုံးအလိုက် တင်ပို့ရောင်းချခြင်းကို ရပ်ဆိုင်း၍ ပြည်တွင်းတွင် တန်ဖိုးမြင့်သစ်အချောထည် ထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်မည်၊

(၁၁) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်မည်၊

(၁၂) သစ်အခြေခံ စက်မှုလုပ်ငန်း ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်း အလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည်၊

(၁၃) တန်ဖိုးမြင့် သစ်ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းကို တွန်းအားပေးဆောင်ရွက်မည်၊

(၁၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ

ဖွင့်လှစ်ပို့ချသွားပြီး ပြည်တွင်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်မည်၊

(၁၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများ၊ ပူးပေါင်း ဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၁၆) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ အကောင်အထည်ဖော်မည်၊

(၁၇) ဌာနအဖွဲ့အစည်းများ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်မည်၊

(၁၈) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မည်၊

(၁၉) ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူဗဟိုပြု သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်မည်။

၄။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်နယ်အတွင်းရှိ သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ရှေးရှုဆောင်ရွက်ရန်၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရန်၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ သတ္တုထုတ်လုပ်မှုနှင့်ကျောက်မျက်ရတနာဈေးနှုန်းများ ပြည်နယ်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့်ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထား ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတ သတ္တုသိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ပြီး နိုင်ငံတော်နှင့် ပြည်နယ်တို့၏ ဝင်ငွေတိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန်၊ သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်းစသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

(၄) သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရေး ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်း လျာထားချက်နှင့်အညီ ဓာတ်သတ္တုများ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထား ဆောင်ရွက်မည်၊

(၂) သတ္တုတွင်းသစ်များ တိုးချဲ့ခြင်းနှင့် တွင်းဟောင်းများ ပြုပြင်မွမ်းမံ၍ အရည်အသွေး မြင့်တင်နိုင်ရေးဆောင်ရွက်မည်၊

(၃) ဘိလပ်မြေ စက်ရုံများအတွက် ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ကျောက်မီးသွေးတို့ကို စက်ရုံတည်ဆောက် လုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဦးစားပေး၍ လုပ်ပိုင်ခွင့်များ တိုးမြင့်ချထားပေးမည်၊

(၄) အကျိုးတူ ဖက်စပ်ထုတ်လုပ်မှုလုပ်ငန်းတွင် လုပ်ကွက်များ၏ နည်းပညာနှင့် အခြားလိုအပ်ချက်များကို ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ဆောင်ရွက်မည်၊

(၅) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်မည်။

၅။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော စက်ရုံများပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကိုအကျိုးရှိ ထိရောက်စွာသုံးစွဲရန် တွန်းအားပေးဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ပူးပေါင်း ဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သည့် နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူ ချောမွေ့စေရန် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့် ရှိစေရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဒင်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဌာနများ ဖွင့်လှစ်၍ ယင်းစီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် နည်းပညာအကူအညီ ပံ့ပိုးပေးမည်၊

(၂) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းအထောက်အကူပြု အဖွဲ့အစည်းများဖြင့် တစ်နေရာတည်းမှ ခွင့်ပြုဆောင်ရွက်ပေးသည့်စနစ် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးမည်၊

(၃) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည်၊

(၄) တည်ဆောက်ပြီး ဘားအံစက်မှုဇုန်နှင့် မြဝတီစက်မှုဇုန်အား ဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေး ဆောင်ရွက်မည်။

၆။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်ရှိ မြို့များသို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော် ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရန် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

( ခ ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန် ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံများနှင့် ၄၀၀ ဗို့ ၂၃၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်သွားမည် ဖြစ်ပါသည်။

၇။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပြည်နယ်အတွင်း မြို့များ၊ အခြားဒေသများနှင့် ဆက်သွယ်သည့် လမ်းသစ်များ ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်း အကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းတံတားများအဖြစ် တည်ဆောက်ရေးနှင့်လမ်းအဆင့်များကို တိုးတက်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေး (၃) ပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော ကျေးလက်နှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) နိုင်ငံတကာနှင့် ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်း အကျယ် (၂၄) ပေ၊ နှစ်လမ်းသွားကတ္တရာ၊ ကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါ လမ်းပေါ်ရှိ တံတားများအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်း အကျယ် (၁၂) ပေ၊ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်း အကျယ် (၂၄) ပေ၊ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန်၊

(၃) တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းမကြီး၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ ဆောင်ရွက်ဆဲ လမ်းသစ်များ ဆက်လက်ဆောင်ရွက်မည်၊

(၂) ပြည်နယ်အတွင်း မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ဆက်လက်ဆောင်ရွက်မည်၊

(၃) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးချက်အရ ဘားအံစက်မှုဇုန်နှင့် မြဝတီစက်မှုဇုန် တည်ဆောက်ရေး စီမံကိန်းအား ဆက်လက်၍ တွန်းအားပေး ဆောင်ရွက်မည်။

၈။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် ဆောင်ရွက်ရေး၊

(၂) ပို့ဆောင်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍများတွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့် ရရှိရေးဆောင်ရွက်ရန်၊

(၂) မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် စီးပွားရေးအလို့ငှာ ဆောင်ရွက်သော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ စနစ်တကျ ဖြစ်ပေါ်စေရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ၊ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ရေလမ်းကြောင်းပိတ်ဆို့နေမှုအား ရှင်းလင်းခြင်း ဆောင်ရွက်ရန်၊ မြစ်ရေတင်စက်များဖြင့် ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်၊

(၂) ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးစေရန် River Port တည်ဆောက်မည်၊

(၃) ခေတ်မီအဝေးပြေးယာဉ် ရပ်နားစခန်းများ တည်ဆောက်မည်၊

(၄) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်မည်။

၉။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခေတ်မီတိုးတက်ကောင်းမွန်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း စနစ်များကို နိုင်ငံတကာ နည်းပညာများ၊ အရင်းအနှီးများနှင့် အကူအညီများရရှိရေးအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင် ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရေး၊

(၂) ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာစေရန် ပုဂ္ဂလိကလုပ်ငန်း အစုအဖွဲ့များသို့ လုပ်ငန်းအပ်နှံ၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း [Public Private Partnership (PPP)] နှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် (Local Service Provider) များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) e-Government လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲ ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်နှင့် အညီ နိုင်ငံတော်၏ လုပ်ငန်းအစီအမံများကိုလည်း အထောက်အကူပြုလာစေရေး၊

(၄) ပြည်တွင်း၊ ပြည်ပ စာပို့တိုက်လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍကိုပါ ဆောင်ရွက်ခွင့်ပြု၍ သတင်းအချက်အလက် နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာများကို အသုံးပြု၍လည်းကောင်း၊ ဝန်ဆောင်မှုအရည်အသွေးကို တိုးမြှင့်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင် ဆောင်ရွက် ရေးနှင့် အင်တာနက် အသုံးပြုသူများ ပိုမိုတိုးတက်လာစေရေးအတွက်ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) စာပို့တိုက်လုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည်၊

(၂) Telecom လုပ်ငန်းများဖြစ်သည့် မိုဘိုင်းဖုန်းနှင့် အော်တိုတယ်လီဖုန်းတပ်ဆင်ခြင်း၊ သတင်းအချက်အလက် နည်းပညာများဖြင့် အင်တာနက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်၊

(၃) ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဖ် ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်၊

(၄) GSM/ UMTS/ LTE မိုဘိုင်းလိုင်း (၅) သန်း တိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည်၊

(၅) ခေတ်မီဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျေးလက်ဒေသအထိ ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် Universal Service Obligation ကို ထူထောင်မည်။

၁၀။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ -

(၁) လွယ်ကူလျင်မြန်သော ပြုပြင်ပြောင်းလဲရေး နည်းလမ်းကောင်းများဖြင့် ပြည်သူများအား ဘဏ်ဝန်ဆောင်မှု တိုးမြှင့်ရရှိစေကာ နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေရေး၊

(၂) သမဝါယမနှင့် ပုဂ္ဂလိက ငွေရေးကြေးရေးကဏ္ဍများ ဖွံ့ဖြိုးစေရေး၊

(၃) မြန်မာ့စီးပွားရေးဘဏ်၏ ရေရှည်အကျိုးစီးပွား ခိုင်မာဖြစ်ထွန်းစေရေး ဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအရင်းအနှီးများ တိုးတက်ရရှိစေရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူ့အကျိုးပြု ဘဏ်ဝန်ဆောင်မှု နည်းလမ်းသစ်များ ဖော်ထုတ်ဆောင်ရွက်ရန်၊

(၂) ဘဏ်လုပ်ငန်း စွမ်းရည်မြင့်မားစေရန်နှင့် ဘဏ်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးစေရန်၊

(၃) မြန်မာ့စီးပွားရေးဘဏ်ကို ပိုမိုခိုင်မာ ဆီလျော်မှုရှိသော ဖွဲ့စည်းပုံဖြင့် ပြင်ဆင်ဖွဲ့စည်းရန်၊

(၄) ပြည်သူများအကြား ဘဏ်ဝန်ဆောင်မှု ပိုမိုကြီးမားကျယ်ပြန့်စွာ ရရှိစေရန်။

(ဂ) ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မြန်မာ့စီးပွားရေးဘဏ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား လိုအပ်သော ရင်းနှီးလှည့်ပတ်ငွေ (Working Capital) ကို ၎င်းတို့ ပိုင်ဆိုင်သောမရွှေ့မပြောင်းနိုင်သည့် မြေနှင့်အဆောက်အဦတို့ကို အာမခံရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေထုတ်ပေးလျက်ရှိရာတွင် ချေးငွေလုံခြုံမှု ရာခိုင်နှုန်း (Margin) အား မြေတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းနှင့် အဆောက်အဦတန်ဖိုး၏ ၆၅ ရာခိုင်နှုန်း သတ်မှတ်ဆောင်ရွက်ရန်၊

(၂) မြန်မာနိုင်ငံတော်ဘဏ်မှ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် (Capital Market) အား ဆောင်ရွက်နိုင်ရေးအတွက် အဓိက ဥပဒေဖြစ်သော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law) အား ပြဋ္ဌာန်းပြီးပါက Securities Exchange Commission (SEC) အား ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရန်၊

(၃) အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များမှာ -

- ပြည်သူလူထုအကြား ဘဏ္ဍာရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်စွာ ရောက်ရှိရေးနှင့် အသေးစားငွေစုငွေချေး (Micro Finance) များ၏ လုပ်ငန်းများအား ကြီးကြပ်စစ်ဆေးဆောင်ရွက်ပါမည်၊

- နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကအာမခံလုပ်ငန်းများ၊ အောင်ဘာလေထီလုပ်ငန်းများအား ကြီးကြပ်စစ်ဆေးသွားရန်နှင့် လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပါမည်။

၁၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ပညာရေး**

(က) ပညာရေး မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေး ၊ အတန်းစဉ် ကူးပြောင်းမှုနှုန်းမြင့်မားရေးနှင့် အဆင့်မြင့်ပညာ သင်ယူမှုနှုန်း မြင့်မားရေး၊

(၂) ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းများ၏ လိုအပ်သော ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်ပေးရေးနှင့် ဥပမိရုပ် မကောင်းသောကျောင်းများ အဆင့်မြှင့်တင်ပေးရေး၊

(၄) အရည်အချင်း ပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားရန်၊ စိတ်ဓာတ်မြင့်မားရန်အတွက် အားကစားကဏ္ဍ မြှင့်တင်ပေးရေး၊

(၆) ဆရာ၊ ဆရာမ လိုအပ်ချက်များနှင့် သင်ထောက်ကူပစ္စည်းများအား ဖြည့်ဆည်းပေးရေး၊

(၇) ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိစေရေးကို အထောက်အကူပြုနိုင်သည့် အသက်မွေးမှုအတတ်ပညာများ ကျယ်ပြန့်စွာ ဆောင်ရွက်ပေးရေး၊

(၈) ကျောင်းအခြေပြု ကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရပြည့်ဝရေး လုပ်ငန်းများတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး။

(ခ) ပညာရေး ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

- ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန်။

(ဂ) လုပ်ငန်းစဉ်မှာ -

- အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်ရန်ဖြစ်သည်။

**ကျန်းမာရေး**

(က) ကျန်းမာရေး မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြီးပြည့်စုံသော ကျန်းမာရေးမူဝါဒများနှင့် ကျန်းမာရေးဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းရေး၊

(၂) ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေး၊

(၃) ပြည်သူဗဟိုပြု ကျန်းမာရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) ကျေးလက်ဒေသကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊

(၅) ကူးစက်ရောဂါများ၊ ကူးစက်ခြင်းမရှိသော ရောဂါများ၊ မိခင်နှင့်ကလေး ကျန်းမာရေးပြဿနာများနှင့် ထိခိုက်မှုအန္တရာယ်စသည့် နိုင်ငံတော်၏ ဦးစားပေး ကျန်းမာရေးပြဿနာများကို ဖြေရှင်းရေး၊

(၆) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နှီးနွှယ်ကဏ္ဍနှင့် ပူးပေါင်းညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊

(၇) ပြည်တွင်း၊ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မြန်မာနိုင်ငံတွင်ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေး (Universal Health Coverage) အတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(၂) မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေး ကျန်းမာရေးမြှင့်တင်ရန်နှင့်သေဆုံးမှုနှုန်း ကျဆင်းရန်၊

(၃) ရောဂါများနှင့် ကျန်းမာရေးအခြေအနေများအား ပြည်သူ့ကျန်းမာရေး ပြဿနာများအဖြစ်သို့ ပေါ်ပေါက်လာခြင်းမရှိစေရေးအတွက် ကြိုတင် မျှော်မှန်းစီမံဆောင်ရွက်ရန်နှင့် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်တည်ရှိနေသော ရောဂါနှင့် ကျန်းမာရေးအခြေအနေများ လျော့နည်းပပျောက်စေရန်၊

(၄) နိုင်ငံသားတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက် ဓလေ့များကို ကျင့်သုံးတတ်လာစေရေးအတွက် အာဟာရပညာများ ဖြန့်ဖြူးပေးရန်၊

(၅) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုကြားတွင် ဖြစ်ပွားပေါ်ပေါက်လာနိုင်မည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ရန်၊

(၆) ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြင့်တင်ရာတွင် နိုင်ငံတော်၏ မူဝါဒ၊ ဥပဒေ၊ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးနှင့် နီးနွယ်ဆက်စပ်သည့် ဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်ရန်၊

(၇) ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် ပြည်တွင်း၊ ပြည်ပ အကူအညီများအား စနစ်တကျ အသုံးချဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေး (Universal Health Coverage) လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အခြားဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်၊

(၂) အရည်အသွေးပြည့်ဝသော မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးလက်ဒေသအထိ လက်လှမ်းမီအောင် ဆောင်ရွက်မည်၊

(၃) မွေးကင်းစနှင့် အသက်ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကျန်းမာရေးစနစ်အားတိုးမြှင့်အောင်ဆောင်ရွက်ရာတွင် အထောက်အကူပြုပတ်ဝန်းကျင်အား အားဖြည့်ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ကျန်းမာရေး သတင်းအချက်အလက်များ ရရှိမှုနှင့် အသုံးပြုမှု မြင့်တင်ခြင်းတို့ကို ဆောင်ရွက်မည်၊

(၄) ရောဂါကာကွယ် နှိမ်နင်းကုသရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်မည်၊

(၅) ကူးစက်ရောဂါမဟုတ်သော ရောဂါများနှင့် ကျန်းမာရေးပြဿနာများ ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်၊

(၆) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရစောင့်ကြပ် ကြည့်ရှုခြင်း၊ အဏုအာဟာရချို့တဲ့မှုများကိုလျှော့လာခြင်း၊ သင်တန်းပို့ချပညာပေးခြင်း၊ ဓာတ်ခွဲခန်းလုပ်ငန်း၊ အခြားလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ စိစစ်သုံးသပ်ခြင်း၊ ဖြန့်ဝေခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်မည်၊

(၇) လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာနှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲဆောင်ရွက်မည်၊

(၈) ကျန်းမာရေး အဆင့်မြင့်တင်နိုင်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဖြစ်သည့် (မိခင်နှင့်ကလေးကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ပျိုရွယ်သူကျန်းမာရေး၊ သက်ကြီးရွယ်အို ကျန်းမာရေး) ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးဆောင်၍ စီမံဆောင်ရွက်မည်၊

(၉) ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြင့်တင်နိုင်ရန် သင်တန်းများ၊ မွမ်းမံသင်တန်းများ ပို့ချခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊

(၁၀) ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူများ၊ အလေ့အကျင့်များကို စွဲမြဲကျင့်သုံးလာစေရန် ထိရောက်သော ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်မည်။

၁၂။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍-

(၁) ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့နိုင်ရေးအတွက် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(၂) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(၃) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အပြန်အလှန် ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေး စသည်တို့ကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၁၃။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) ကုန်သွယ်ရေးမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေး မူဝါဒများကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်ရေး၊

(၂) ပို့ကုန်တိုးချဲ့မြှင့်တင်ရေး ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီသတင်း ဆက်သွယ်ရေး နည်းပညာအသုံးပြု၍ ဆောင်ရွက်ရေး၊

(၃) ဒေသတွင်း နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေး၊

(၄) ကုန်သွယ်မှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊

(၅) ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီး ကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး။

(ခ) ရည်မှန်းချက်မှာ -

- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကုန်သွယ်မှု ရည်မှန်းချက်မှာ ပို့ကုန်တန်ဖိုး သွင်းကုန်တန်ဖိုးများ တိုးတက်ရရှိရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည်၊

(၂) ကုန်သွယ်မှုကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်သွားမည်၊

(၃) စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်၊

(၄) ကုန်ပစ္စည်း တင်ပို့ရောင်းချခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိရေး အားပေးဆောင်ရွက်သွားမည်၊

(၅) စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် သီးနှံဈေးကွက်ခိုင်မာရေးနှင့် အကျိုးဖြစ်ထွန်းစေရေး ပံ့ပိုးဆောင်ရွက်သွားမည်။

**နောက်ဆက်တွဲ - ၂**

# ကရင်ပြည်နယ်၏
# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်
# နိုင်ငံပိုင်အခန်း၊ ပြည်နယ်ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်

**ကရင်ပြည်နယ် ၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်**
**ရင်းနှီးမြှုပ်နှံမှုလျာထားချက်**
**(မာတိကာ)**


| စဉ် | | | ဌာနအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၁ | | | **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက် (အကျဉ်းချုပ်)** | ၁ |
| ၂ | | | **ဗဟိုအဖွဲ့အစည်းများ** | |
| | ၁ | | အစိုးရအဖွဲ့ရုံး | ၃ |
| | ၂ | | လွှတ်တော်ရုံး | ၃ |
| | ၃ | | ဥပဒေရုံး | ၃ |
| | ၄ | | စာရင်းစစ်ချုပ်ရုံး | ၄ |
| ၃ | | | **ပြည်ထဲရေးဝန်ကြီးဌာန** | |
| | ၁ | | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅ |
| | ၂ | | မီးသတ်ဦးစီးဌာန | ၆ |
| ၄ | | | **နယ်စပ်ရေးရာဝန်ကြီးဌာန** | |
| | ၁ | | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၇ |
| ၅ | | | **သမဝါယမဝန်ကြီးဌာန** | |
| | ၁ | | သမဝါယမဦးစီးဌာန | ၁၁ |
| | ၂ | | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၁ |
| ၆ | | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | |
| | ၁ | | စိုက်ပျိုးရေးဦးစီးဌာန | ၁၂ |
| | ၂ | | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၁၂ |
| | ၃ | | စက်မှုလယ်ယာဦးစီးဌာန | ၁၃ |
| ၇ | | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန** | |
| | ၁ | | ငါးလုပ်ငန်းဦးစီးဌာန | ၁၄ |
| | ၂ | | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁၄ |
| | ၃ | | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁၅ |
| ၈ | | | **ပို့ဆောင်ရေးဝန်ကြီးဌာန** | |
| | ၁ | | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | ၁၆ |
| | ၂ | | မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန | ၁၆ |
| ၉ | | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန** | |
| | ၁ | | သစ်တောဦးစီးဌာန | ၁၇ |
| | ၂ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁၇ |

နောက်ဆက်တွဲ (၂)

**ကရင်ပြည်နယ် ၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်**
**ရင်းနှီးမြှုပ်နှံမှုလျာထားချက်**
**(မာတိကာ)**


| စဉ် | | | ဌာနအမည် | စာမျက်နှာ |
|---|---|---|---|---|
| ၁၀ | | | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | |
| | ၁ | | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁၈ |
| ၁၁ | | | **အားကစားနှင့်ကာယပညာဝန်ကြီးဌာန** | |
| | ၁ | | အားကစားနှင့်ကာယပညာဦးစီးဌာန | ၃၂ |
| ၁၂ | | | **ပညာရေးဝန်ကြီးဌာန** | |
| | ၁ | | ဆရာအတတ်သင်ပညာဦးစီးဌာန | ၃၃ |
| | | ၁ | ဘားအံပညာရေးကောလိပ် | |
| ၁၃ | | | **ကျန်းမာရေးဝန်ကြီးဌာန** | |
| | ၁ | | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၄ |
| ၁၄ | | | **ဘဏ္ဍာရေးဝန်ကြီးဌာန** | |
| | ၁ | | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၃၅ |
| ၁၅ | | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန** | |
| | ၁ | | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၃၆ |
| ၁၆ | | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | |
| | ၁ | | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၇ |
| | ၂ | | လမ်းဦးစီးဌာန | ၃၇ |
| ၁၇ | | | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** | |
| | ၁ | | နည်းပညာတက္ကသိုလ် | ၃၉ |
| ၁၈ | | | **စည်ပင်သာယာရေးအဖွဲ့** | ၄၀ |

နောက်ဆက်တွဲ (၂)

**ကရင်ပြည်နယ် ၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်**
**ရင်းနှီးမြှုပ်နှံမှုလျာထားချက်**
**(အကျဉ်းချုပ်)**

| စဉ် | | | ဌာနအမည် | လျာထားချက် (BE) (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | | | ၂ | ၃ |
| ၁ | | | **ဗဟိုအဖွဲ့အစည်းများ** | **၂၄၅၂.၀၆၆** |
| | ၁ | | အစိုးရအဖွဲ့ရုံး | ၂၀၃၅.၀၀၀ |
| | ၂ | | လွှတ်တော်ရုံး | ၃၂၃.၇၃၆ |
| | ၃ | | ဥပဒေရုံး | ၃၉.၉၀၀ |
| | ၄ | | စာရင်းစစ်ချုပ်ရုံး | ၅၃.၄၃၀ |
| ၂ | | | **ပြည်ထဲရေးဝန်ကြီးဌာန** | **၁၁၈၁.၉၀၅** |
| | ၁ | | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၇၆၃.၂၆၂ |
| | ၂ | | မီးသတ်ဦးစီးဌာန | ၄၁၈.၆၄၃ |
| ၃ | | | **နယ်စပ်ရေးရာဝန်ကြီးဌာန** | **၆၉၁၃.၉၉၁** |
| | ၁ | | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၆၉၁၃.၉၉၁ |
| ၄ | | | **သမဝါယမဝန်ကြီးဌာန** | **၄၄၀.၇၈၅** |
| | ၁ | | သမဝါယမဦးစီးဌာန | ၁၉၃.၁၅၀ |
| | ၂ | | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၂၄၇.၆၃၅ |
| ၅ | | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၁၉၁၀.၁၅၀** |
| | ၁ | | စိုက်ပျိုးရေးဦးစီးဌာန | ၂၃၉.၂၆၀ |
| | ၂ | | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၁၅၈၀.၈၉၀ |
| | ၃ | | စက်မှုလယ်ယာဦးစီးဌာန | ၉၀.၀၀၀ |
| ၆ | | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန** | **၁၇၃၃.၉၂၅** |
| | ၁ | | ငါးလုပ်ငန်းဦးစီးဌာန | ၂၂၀.၇၂၅ |
| | ၂ | | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁၁၆၃.၂၀၀ |
| | ၃ | | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၃၅၀.၀၀၀ |
| ၇ | | | **ပို့ဆောင်ရေးဝန်ကြီးဌာန** | **၃၁၈.၈၀၀** |
| | ၁ | | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | ၃၀၀.၀၀၀ |
| | ၂ | | မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန | ၁၈.၈၀၀ |
| ၈ | | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန** | **၂၈၇.၂၃၀** |
| | ၁ | | သစ်တောဦးစီးဌာန | ၈၇.၉၀၀ |
| | ၂ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁၉၉.၃၃၀ |

နောက်ဆက်တွဲ (၂)

**ကရင်ပြည်နယ် ၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**
**(အကျဉ်းချုပ်)**

| စဉ် | | | ဌာနအမည် | လျာထားချက် (BE) (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | | | ၂ | ၃ |
| ၉ | | | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | **၆၄၉၅.၃၀၂** |
| | ၁ | | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၆၄၉၅.၃၀၂ |
| ၁၀ | | | **အားကစားနှင့်ကာယပညာဝန်ကြီးဌာန** | **၈၈၅.၆၇၅** |
| | ၁ | | အားကစားနှင့်ကာယပညာဦးစီးဌာန | ၈၈၅.၆၇၅ |
| ၁၁ | | | **ပညာရေးဝန်ကြီးဌာန** | **၃၉.၃၉၀** |
| | ၁ | | ဆရာအတတ်သင်ပညာဦးစီးဌာန | ၃၉.၃၉၀ |
| | | ၁ | ဘားအံပညာရေးကောလိပ် | ၃၉.၃၉၀ |
| ၁၂ | | | **ကျန်းမာရေးဝန်ကြီးဌာန** | **၂၄၀.၀၀၀** |
| | ၁ | | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၂၄၀.၀၀၀ |
| ၁၃ | | | **ဘဏ္ဍာရေးဝန်ကြီးဌာန** | **၈.၀၀၀** |
| | ၁ | | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၈.၀၀၀ |
| ၁၄ | | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန** | **၇၃.၆၅၀** |
| | ၁ | | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၇၃.၆၅၀ |
| ၁၅ | | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၂၄၆၃၃.၄၁၁** |
| | ၁ | | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၄၆၈.၇၃၁ |
| | ၂ | | လမ်းဦးစီးဌာန | ၂၃၁၆၄.၆၈၀ |
| ၁၆ | | | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** | **၉၈.၀၀၀** |
| | ၁ | | နည်းပညာတက္ကသိုလ် | ၉၈.၀၀၀ |
| ၁၇ | | | **စည်ပင်သာယာရေးအဖွဲ့** | **၁၅၉၂.၂၇၈** |
| | | | **စုစုပေါင်း** | **၄၉၃၀၄.၅၅၈** |

နောက်ဆက်တွဲ (၂)

**ကရင်ပြည်နယ် ၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်**
**ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**ဖဟိုအဖွဲ့အစည်းများ** (ကျပ်သန်း)

| စဉ် | | | | စီမံကိန်းအမည် | လျာထားချက် (BE) |
|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ |
| ၁ | | | | **အစိုးရအဖွဲ့ရုံး** | **၂၀၃၅.၀၀၀** |
| | ၁ | | | **လုပ်ငန်းများ** | **၂၀၃၅.၀၀၀** |
| | | ၁ | | အစိုးရအဖွဲ့ရုံးပြုပြင်ရန် နှင့် ပြည်ထောင်စု ဧည့်ရိပ်သာ ပြုပြင်ရန် | ၃၅.၀၀၀ |
| | | ၂ | | ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် | ၂၀၀၀.၀၀၀ |
| ၂ | | | | **လွှတ်တော်ရုံး** | **၃၂၃.၇၃၆** |
| | ၁ | | | **ဆောက်လုပ်ရေးလုပ်ငန်းများ** | **၁၅၇.၀၅၆** |
| | | | ၁ | ကားပါကင်တည်ဆောက်ရန် | ၄.၃၁၁ |
| | | | ၂ | ကားဂိုဒေါင်များ ဆောက်လုပ်ရန် | ၅.၀၅၇ |
| | | | ၃ | အဆောက်အအုံ ပတ်လည် အုတ်ခုံနှင့် ရေမြောင်းဆောက်လုပ်ရန် | ၆.၀၅၈ |
| | | | ၄ | အစည်းအဝေးခန်းမ မွမ်းမံရန် | ၅၆.၅၇၃ |
| | | | ၅ | ဧည့်တွေ့ခန်း မွမ်းမံရန် | ၉.၄၀၂ |
| | | | ၆ | မာဘယ်ကျောက်ပြားခင်းရန် | ၄၃.၇၃၂ |
| | | | ၇ | ဟိုမိုကျောက်ပြားခင်းရန် | ၃၁.၁၇၃ |
| | | | ၈ | ပြင်ဆင်ခန်းနှင့် ဟင်းချက်ခန်း မွမ်းမံရန် | ၀.၇၅၀ |
| | ၂ | | | **ရုံးအတွက်စက်ကိရိယာများနှင့် ပရိဘောဂများနှင့် ယာဉ်များ** | **၁၆၆.၆၈၀** |
| | | ၁ | | **စက်ကိရိယာများ** | **၁၈.၂၄၇** |
| | | | ၁ | Transformer တပ်ဆင်ခြင်း | ၁၄.၄၄၇ |
| | | | ၂ | Computer & Printer ဝယ်ယူခြင်း | ၃.၈၀၀ |
| | | ၂ | | **ပရိဘောဂ** | **၆၀.၁၀၀** |
| | | ၃ | | **အခြားပစ္စည်းများ** | **၈၈.၃၃၃** |
| ၃ | | | | **ဥပဒေရုံး** | **၃၉.၉၀၀** |
| | ၁ | | | **ရုံးအတွက်စက်ကိရိယာများနှင့် ပရိဘောဂများနှင့် ယာဉ်များ** | **၃၉.၉၀၀** |
| | | ၁ | | **စက်ကိရိယာများ** | |
| | | | ၁ | ဘားအံမြို့နယ်ရုံးအတွက်မိတ္တူကူးစက်(၁)လုံး | ၂.၃၀၀ |
| | | | ၂ | ဖာပွန်မြို့နယ်ရုံးအတွက်ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း | ၀.၇၀၀ |

**[ ဆက်လက်ဖော်ပြပါမည်]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဌာနစုမှူး ဦးကြည်ဝင်းအား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ (၈၁)ပါ** ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့မှစ၍ မေလ (၁၉) ရက်နေ့အထိ ခံစားခွင့်ပြုပြီး၊ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ မေလ (၂၀) ရက်နေ့မှစ၍ **သက်ပြည့်အငြိမ်းစား** ယူခွင့်ပြုလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### ပြည်သူ့လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၆) ဦးတို့အား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း ( ၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် ညနေပိုင်းမှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ပပဇော် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၂။ | ဦးလှမျိုး | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်ဖြူဖြူအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၄။ | ဦးဝင်းဆွေ | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်တင်မျိုးလွင် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၆။ | ဦးညွန့်လင်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၆)

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် ညနေပိုင်းမှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးကျော်သူရ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂။ | ဒေါ်မြတ်မြတ်စိုး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်စိုးစိုး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၄။ | ဦးဝင်းလွင်စိုး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်ရည်မွန်သူ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၆။ | ဒေါ်သီသီဝင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၇။ | ဒေါ်ဖြူဝင်းမျိုး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၈။ | ဦးတင်ကိုကိုဝင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၉။ | ဒေါ်ထားကလျာရွှင် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၁၀။ | ဒေါ်ခင်အိအိဆွေ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၅၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် )

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်း(တောင်)ရပ်ကွက်၊ ကွင်းအမှတ်/ အမည်- (၃B/ဖောင်တော်ဦးတောင်ကွင်း)၊ ဦးပိုင်အမှတ်- (၃၀^က^)၊ **မြေဧရိယာ (၀. ၈၃၈)ဧက** အား **ပညာတံခွန်ကျောင်း** မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၅၀ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ယွမ်ဘောင်း ကုမ္ပဏီလီမိတက်**

**(Yuam Bao Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ယွမ်ဘောင်းကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၈-၈-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A) အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၈-၉-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကျော်ဝေ (ခ) စန်းဝေဟွာ | ဒေါ်ညွန့်မေ |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com , C.P.A) |
| ယွမ်ဘောင်း ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၁-၅၀၇၁၁၇ |

## ရွှေအိမ်စည် ကုမ္ပဏီလီမိတက်

## (Shwe Eain Si Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ရွှေအိမ်စည်ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၉-၈-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B. Com, C.P.A) အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၉-၉-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကျော်ဝေ (ခ) စန်းဝေဟွာ
မန်နေးဂျင်းဒါရိုက်တာ
ရွှေအိမ်စည် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၁-၅၀၇၁၁၇

## ဇွဲထက်လွင် ကုမ္ပဏီလီမိတက်

## (Zwe Htet Lwin Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဇွဲထက်လွင် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃၀-၈-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A) အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃၀-၉-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးတင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ဇွဲထက်လွင် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com , C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## တိမ်ပြာမိုးယံ ကျောက်မျက် ကုမ္ပဏီလီမိတက်
## (TEIN PYAR MOE YAN GEMS COMPANY LIMITED)
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **တိမ်ပြာမိုးယံ ကျောက်မျက် ကုမ္ပဏီလီမိတက် (TEIN PYAR MOE YAN GEMS COMPANY LIMITED)** အား (၈-၉-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ပြောင်း
Managing Director
Tein Pyar Moe Yan Gems Co., Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## စိမ်းယမုံဖူး ကျောက်မျက် ကုမ္ပဏီလီမိတက်
## (SEINN YAMON PHOO GEMS COMPANY LIMITED)
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **စိမ်းယမုံဖူး ကျောက်မျက် ကုမ္ပဏီလီမိတက် (SEINN YAMON PHOO GEMS COMPANY LIMITED)** အား (၈-၉-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစောခိုင်ကျော်စိုး
Managing Director
Seinn Yamon Phoo Gems Co., Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ချစ်သစ်ဦး ကျောက်မျက် ကုမ္ပဏီလီမိတက်
## (CHIT THIT OO GEMS COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ချစ်သစ်ဦး ကျောက်မျက် ကုမ္ပဏီလီမိတက် (CHIT THIT OO GEMS COMPANY LIMITED)** အား (၈-၉-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးရဲမင်းထွန်း
Managing Director
Chit Thit Oo Gems Co., Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## တိုးတက်စိမ်းလန်း ကုမ္ပဏီလီမိတက်
## (Green Plus Co., Ltd.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ တိုးတက်စိမ်းလန်း ကုမ္ပဏီလီမိတက် **(Green Plus Co., Ltd.)** အား (၁၅-၈-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U AUNG SI THAR
MANAGING DIRECTOR
GREEN PLUS CO., LTD.

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## MYANMAR KANKAW TRADING COMPANY LIMITED

နောက်ဆုံးအစည်းအဝေး ခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | ။ | ။ | ၉-၁၀-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ | ။ | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ | ။ | ကုမ္ပဏီရုံးခန်း |

ဒေါ်ဖူးလှ (ခ) ဒေါ်အေးအေးဝင်း
Managing Director
Myanmar Kankaw Trading Co., Ltd.
အမှတ် (၇၅)၊ ကိုင်းတန်းလမ်း၊ (၂) ရပ်ကွက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဦးမြိုင်
(B.Com, A.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၅၂) ၄ လွှာ၊ အိုးဘိုလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၅၁၃၅၆၁

## မြန်မာ ပင်လယ်ပြာ ခရီးသွားလာရေး ကုမ္ပဏီလီမိတက်

## Myanmar Blue Ocean Travels & Tours Co., Ltd.

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၈-၁၀-၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အခန်း (၇၀၃)၊ ၇-လွှာ၊ တိုက်အမှတ်-ဘီ၊ East Point Condo၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင်ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**ကိုမာ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(Kormar Services Co., Ltd.)**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြေညာစာ

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် - (၁၀၆၅)၊ ရတနာသီရိလမ်း၊ အမှတ် (၃၃/၁၀)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**Notice**

**PROMANAGE BUSINESS SOLUTIONS CO., LTD.**

**(In members' Voluntary Liquidation)**

**Pursuant of Section 208 E of the Myanmar Companies Act:**

**Final Meeting**

A Final meeting of the above Company will be held on 6th October, 2016 at No. 77/79 (C), Ground Floor, Bo Yar Nyunt Street, Dagon Township, Yangon Region, at 9:00 AM.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Me Me Kyaw
B.Com, (Q), C.P.A
Certified Public Accountant & Auditor
No. 49/51, (7th Floor) 2nd Street,
Yangon Region,
The Republic of the Union of Myanmar.

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၉-၉-၂၀၁၆။